မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်ကြောင်း နေ့၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

စက်ရုံထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်ရေး ကြိုးပမ်း ဈေးကွက်နှင့် သုံးစွဲသူအကြိုက် လိုအပ်ချက်နှင့်အညီ အံဝင်ခွင်ကျဖြစ်အောင် တီထွင်ထုတ်လုပ် မိမိစက်ရုံ ပိုမိုတိုးတက်သည်ထက် တိုးတက်မှုရှိအောင် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)ဖွင့်ပွဲအပြီးတွင် ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) ဖွင့်ပွဲအပြီးတွင် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) သို့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံး ပစ္စည်းစက်ရုံ(မင်းစု)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် စက်မှုလယ်ယာဦးစီးဌာန၏ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း) ကျောက်ဆည်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျောက်ဆည် စက်မှုနယ်မြေ

ကျောက်ဆည် စက်မှုနယ်မြေတွင် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)၊ ဘီလပ်မြေစက်ရုံ သုံးရုံ၊ ပလတ်စတစ်စက်ရုံနှစ်ရုံ၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)၊ ကြွေရည်စိမ်နှင့် စတီးလ် အိမ်သုံးစက်ရုံ(မင်းစု)၊ အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)၊ သကြားလုံးစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ ဖိနပ် စက်ရုံ၊ မီးခံအုတ်စက်ရုံနှင့် စက်ဘီးစက်ရုံတို့က စက်ရုံထွက် ကုန်ပစ္စည်း များကို တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်)

ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေး အရည်အသွေးမြင့် ဆေးဝါးများ ထုတ်လုပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ စက်မှုနယ်မြေရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ဆေးဝါးစက်ရုံ(အင်ရောင်း)ကို ဖွင့်လှစ်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို များစွာအထောက်အကူရရှိစေမည် ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်နိုင်ရန် ခေတ်မီဆေးဝါးနှင့် ဆေးပစ္စည်းများထုတ်လုပ်သည့် စက်ရုံတို့ကို တိုးချဲ့တည်ဆောက်ပေးလျက် ရှိသည်။ ယခုကဲ့သို့ ခေတ်မီဆေးဝါးပစ္စည်းထုတ်လုပ်သည့် စက်ရုံများ ထူထောင်လာနိုင်သည့်အတွက် ကုန်ထုတ်လုပ်မှုနည်းပညာသစ်များ တိုးတက်ရရှိသည့်အပြင် ပြည်ပသွင်းကုန်ကို လျှော့ချစေပြီး ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ပေါက်လာစေမည် ဖြစ်သည်။

မြန်မာနိုင်ငံ ဆေးဝါးစက်ရုံ(အင်ရောင်း)ကို သွင်းကုန်အစားထိုး ဆေးပစ္စည်းများ ထုတ်လုပ်နိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက် တစ်ခါသုံးဆေးထိုးအပ်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်များ ထုတ်လုပ်ပေးနိုင်ရန် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)မှ ထုတ်လုပ်သည့် ဆေးဝါးများသည် အရှေ့တောင်အာရှ၌ အကောင်းဆုံးအဖြစ် လက်ခံထားသည်။ အခြားဆေးဝါးစက်ရုံများမှ ထုတ်လုပ်သည့် ဆေးဝါးများကိုလည်း ထုတ်လုပ်မှုနည်းစဉ်များအရ ထုတ်လုပ်ခြင်းဖြစ်၍ အရည်အသွေးအဆင့်အတန်း မြင့်မားလျက်ရှိသည်။

သို့ဖြစ်ရာ ဆေးဝါးစက်ရုံများအလိုက် အရည်အသွေးမြင့်ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့်နည်းတူ ဆေးနှင့်ဆေးပစ္စည်းများကို အဆင့်အတန်းမီမီ ကြိုးပမ်းထုတ်လုပ်လာနိုင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပိုမိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကသစ်ဝိုင်ဝိပဿနာ အလုပ်ပေးတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၁

သနပ်ပင်မြို့ မန်းကျောင်းတိုက်နှင့် ပဲခူးမြို့ အောင်မင်းခေါင်ကုန်းမြေ ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၏ ဦးစီးနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တပဒုမ၏ တပည့် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကဋ္ဌနသာရသည် ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တဇာဂရနှင့် ဘဒ္ဒန္တသောဘိတတို့နှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၄ ရက်အထိ နေပြည်တော်ပျဉ်းမနားအောင်သိဒ္ဓိကုန်းမြေ စိုးသန်းဝိဟာရကျောင်းတိုက်၊ ၂၅ ရက်မှ မတ် ၇ ရက်အထိ လေသာကျောင်းတိုက်၊ ၁၀ ရက်မှ ၂၁ရက်အထိ သနပ်ပင်မြို့ မန်းကျောင်းတိုက်၊ ၂၃ ရက်မှ ဧပြီ ၃ရက်အထိ ကျောက်တန်းမြို့နယ် တံတားမြို့ ဒက္ခိဏာရာမကျောင်းတိုက်၊ ၉ ရက်မှ ၂၀ရက်အထိ ပဲခူးမြို့ အောင်မင်းခေါင်ကုန်းမြေ ကသစ်ဝိုင်ဓမ္မရိပ်သာ၊ ၂၁ ရက်မှ မေ ၂ရက်အထိ သနပ်ပင်မြို့နယ် ဇီးပင်ကျေးရွာ ပစ္ဆိမာရုံကျောင်းတိုက်၊၄ရက်မှ ၁၅ ရက်အထိနေပြည်တော်လယ်ဝေး ကွမ်းခြံကျေးရွာ မြောက်ကျောင်းတိုက်၊ ၁၆ ရက်မှ ၂၇ ရက်အထိ နေပြည်တော်ပျဉ်းမနား ပထမမူလ ကသစ်ဝိုင် ဓမ္မရိပ်သာတို့တွင် ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာလုပ်ငန်းစဉ် တရားတော်များကို ဟောကြားမည်ဖြစ်၍ ယောဂီများနှင့် စေတနာရှင်များသည် ရိပ်သာဌာနများသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေးထပ်ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဒုတိယဗိုလ်မှူးကြီးမြတ်ငြိမ်း(ငြိမ်း) ဒေါ်မြင့်မြင့်ဆွေ မရမ်းကုန်းက ငွေကျပ်တစ်သိန်း၊ (ဒေါ်မြင့်မြင့်ရီ)မိသားစု တာမွေက ငွေကျပ်နှစ်သိန်း၊ ဒေါ်နီမိသားစု ဒဂုံမြို့နယ်ကငွေကျပ် သုံးသိန်းငါးသောင်း၊ ဦးအေးလွင်-ဒေါ်ကြည်ကြည်ခင် ပုဇွန်တောင်ကငွေကျပ်တစ်သိန်း၊ ဒေါ်အေးသိန်း ပန်းဘဲတန်းက ငွေကျပ်တစ်သိန်း၊ ဒေါ်တင်မြမိသားစု လမ်းမတော်က ငွေကျပ်တစ်သိန်း၊ ဦးခင်မောင်သိန်း-ဒေါ်ကြည်ကြည်ဝင်း သီရိလမ်း စမ်းချောင်းက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးကျော်နိုင်မိသားစု ဗဟန်းက ငွေကျပ် လေးသိန်း၊ ဒေါ်သိန်းမြင့် ဒဂုံမြို့နယ်က ငွေကျပ်နှစ်သိန်း၊ ဦးမျိုးဝင်း-ဒေါ်ခင်ညိုစိန်း သန်လျင်က ငွေကျပ်တစ်သိန်းနှင့် ဦးမြင့်လွင်-ဒေါ်အေးအေးမြင့် ကျိုက်ဝိုင်း မရမ်းကုန်းက ငွေကျပ်နှစ်သိန်း လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၂-၁-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆း၃၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလိုင်းနှင့်အတူ** (အပိုင်း-၁၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း-၂၅)

နှစ်ဖက် မိဘများအားရည်စူး၍ ရန်ကုန်တိုင်း အလုံမြို့နယ် ဌာနာရပ်ကွက် ဌာနာလမ်း အမှတ် ၂၆နေ ဦးအောင်သိန်း-ဒေါ်တင်အေးကြည် မိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို တိပိဋကကျောင်း အနုနာယက ဆရာတော် ဦးနန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟန်းမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်း

ရန်ကုန် ဇန်နဝါရီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှဗဟန်းမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၁၁နာရီက M3 Food Center ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးနွယ်ဆွေက ဆောင်ရွက်ပြီး သဘာပတိ ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဖွဲ့စည်းရေးအဖွဲ့ ခေါင်းဆောင် ပျဉ်းမနားဦးမြင့်လှိုင် (ပြန်ကြားရေးမှူး-၁)က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်းပြီး ဥက္ကဋ္ဌ ဦးစိန်ဝင်း၊ ဒုတိယဥက္ကဋ္ဌ စန္ဒရား ထွန်းအေး၊ အတွင်းရေးမှူး အိကြာကွေး (စိုးနိုင်ထွန်း)၊ဘဏ္ဍာရေးမှူး ကျော်မြတ်ဦး(JJ)၊ စည်းရုံးရေးမှူး မောင်ထွန်းမင်း၊ ပြန်ကြားရေးမှူး ဆည်းဆာ၊ အဖွဲ့ဝင်များဖြစ်သော ရာဇာဝင်းတင့်၊ စန္ဒရား တင်မောင်ကြည်၊ တင့်တင့်ဝင်း၊ ကျော်ဝင်းနိုင်၊ အဲလက်(စ်)တို့ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်လွှာကို အတွင်းရေးမှူး(၂) ဦးရန်ပိုင်စိုးက ပေးအပ်ပြီး ဖွဲ့စည်းတာဝန် ပေးအပ်သည်။ **(ဝဲပုံ)** (က-ပ)

ဇန်နဝါရီ ၁၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးထူးချွန်ဆုရကျောင်းများ ဆုချီးမြှင့်ပွဲကို အမက(၂) ကျောင်းခန်းမတွင်ကျင်းပရာ ကျောင်းကျန်းမာရေး ဘက်စုံပထမဆု၊ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းမှု ပထမဆုနှင့် ကျောင်းကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု ဒုတိယဆုရ အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင်အား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ဥမ္မာမြင့်က ဆုချီးမြှင့်စဉ်။ (၁၂၃)

ကြို့ပင်ကောက်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ကြို့ပင်ကောက်မြို့နယ်အသင်း၏ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း စည်ပင်သာယာရေးခမ္မာရုံတွင် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ ဂုဏ်ထူးဆောင်နာယကများ၊ နာယကများ၊ အမှုဆောင်များ၊ အဝေးရောက်ကြို့ပင်ကောက်မြို့မှ အမှုဆောင်များ၊ ရန်ကုန်မြို့နှင့် ကြို့ပင်ကောက်မြို့တို့မှ အသင်းသူ အသင်းသားများ စုံညီစွာ တက်ရောက်ကြသည်။

ဖွဲ့စည်းတာဝန်ပေး

အစည်းအဝေးတွင် ၂၀၀၇ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ရငွေ၊ သုံးငွေစာရင်းများ အတည်ပြုခြင်းနှင့် ၂၀၀၈ ခုနှစ်အတွက် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ကြသည်။

ပူဇော်ကန်တော့

နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ အသက် ၈၀ နှင့်အထက် အဘိုး၊ အဘွား ၃၅ ဦးတို့အား ပူဇော်ကန်တော့ခြင်း**(အပေါ်ပုံ)**နှင့် ထူးချွန်သားသမီးတို့အား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းတို့ကို ပူးတွဲကျင်းပကြောင်းသိရသည်။ **(က-ပ)**

စန္ဒကူးမြိုင်သာသနာ့ရိပ်သာ တရားစခန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၁

မှော်ဘီမြို့ စန္ဒကူးမြိုင်သာသနာ့ရိပ်သာတွင် ကန္တီဥပနိဿယ မောင်းထောင် မြေဇင်းဆရာတော်ကြီးနည်းဖြင့် ရှိန်းမကားဆရာတော်က သမထဝိပဿနာတရားများပြသလျက်ရှိရာ တရားစခန်းဝင်လိုသူယောဂီများ ၅၅ သီရိလမ်း စမ်းချောင်းမြို့နယ် ဖုန်း- ၅၁၁၃၁၁သို့ ဆက်သွယ်၍ ဝင်ရောက်နိုင်ကြောင်းသိရသည်။

(က-ပ)

ကောင်းသောစိတ်၏ခြေရာ

စိတ်သည် အရာရာကိုဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် ကောင်းသောစိတ်အကြံဖြင့် ပြောသောစကား၊ ပြုလုပ်သောအလုပ်တို့ကြောင့် ထိုသူ၏ နောက်သို့ (အရိပ်သည် အစဉ်လိုက်ဘိသကဲ့သို့) ချမ်းသာသုခသည် အစဉ်လိုက်လေ၏။

(ဓမ္မပဒ ၂)

သုံးခွအထက (၁)နှင့်(၂)မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း သုံးခွမြို့ အထက(၁)၊ (၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၆ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အထက(၁)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ အသက်(၆၀)ကျော် ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်အပူဇော်ခံယူပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေများကို ဦးသန်းထွန်း(ရွှေပင်ငွေပင်) ဖုန်း-၂၉၂၁၉၂၊ ဦးစောလှိုင်(လှကမ္ဘာ) ဖုန်း-၂၉၁၃၁၁၊ ဦးအုန်းကြွယ် ဖုန်း-၂၉၁၅၉၃၊ ဦးအောင်သန်း ဖုန်း-၅၇၁၄၁၇နှင့် ဦးမြသိန်း ဖုန်း-၆၆၁၃၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရန်ကုန်မှ လိုက်ပါအပူဇော်ခံမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအား ရန်ကုန်-သုံးခွကားဂိတ် (အေပီစီကားဂိတ်)မှ ယင်းနေ့ နံနက် ၈ နာရီအထိ စောင့်ကြိုပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လမ်းလျှောက်နိုင်လေ အသက်ရှည်

☼ မိုးမကျခင်တော့
အတိုးချ၍ လမ်းလျှောက်မယ်။

☼ နှင်းငွေ့တွေက ဝိုင်းပတ်လည်
ချမ်းမယ်များထင်သလား။

အားမာန်ပါပါနှင့်
ကိုယ်အင်္ဂါလှုပ်ရှားပေး
နွေးထွေးပြီးသား။

☼ လေတဖြူးဖြူး တိုက်လျှင်ကွယ်
ရှူမယ်ပတအား။

ခန္ဓာကိုယ်နှလုံးတွင်း
ရှင်း၍ပေါ့ပါး။

☼ ခြေလက်တွေထုံကျဉ်လို့
မယုံလျှင်စမ်းလျှောက်စေချင်။

အကြောအခြင်လျော့သွားလို့
ပေါ့ပါးခရီးတွင်။

☼ ဆေးခန်းနှင့်ဝေးစေချင်
ဤနည်းလျှင်အကောင်းဆုံး။

☼ လူမတန် ကံမချပါနှင့်
မေတ္တာနှင့်အကြံပေးတာမို့
တွေးချင့်၍သုံး။ ။

မောင်ရည်တင့်(မအူပင်)

ကျန်းမာရေးသတင်းမှတ်စု

သူရစိုး ရေးသည်

ကော်ဖီသောက်ခြင်းကြောင့် အာရုံကြောများ လန်းဆန်းနိုင်

ကော်ဖီသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် လူသားတို့၏ စိတ်နှင့်ခန္ဓာကို အကျိုးပြုခဲ့ကြောင်း သုတေသနပြုချက်၌ ဖော်ပြသည်။ ယခုနောက်ပိုင်း ကော်ဖီအပေါ် သုတေသနပြုလုပ်ချက်များအရ ကော်ဖီပုံမှန်သောက်သုံးသူ အများစုတွင် ကင်ဆာနှင့်နှလုံးရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရှိရသည်။

အကျိုးကျေးဇူး

နေ့စဉ် ကော်ဖီသောက်သုံးခြင်းဖြင့် မည်သို့သော အကျိုးကျေးဇူးရရှိသည်ကို လေ့လာခဲ့ရာ ကော်ဖီသောက်သုံးခြင်းကြောင့် ဦးနှောက်နှာ့ဗ်ကြောများ လန်းဆန်းစေပြီး လူတို့အတွက် ကောင်းမွန်သော ကျန်းမာရေးအကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

နေ့စဉ်သောက်သုံးသင့်

လက်တွေ့သုတေသနပြုချက်အရ နှလုံးရောဂါဖြစ်ပွားနိုင်သည့် လူ ၁၂၈၀၀၀ ကို ကော်ဖီသောက်သုံးစေခဲ့ရာ နှလုံးရောဂါဖြစ်ပွားနိုင်မှုကို လျှော့ချနိုင်ခဲ့သည်။ ကော်ဖီကို အတိုင်းအတာတစ်ခုအထိ နေ့စဉ်ချင့်ချိန်စွာ သောက်သုံး သင့်သည်။

လျှော့ချနိုင်

အခြားလေ့လာစမ်းသပ်မှုတစ်ခုတွင် လူတို့ နေ့စဉ်ကော်ဖီနှစ်ခွက် သို့မဟုတ် ၎င်းထက်ပိုမိုသောက်သုံးပါက လူ့ခန္ဓာကိုယ်အတွင်းရှိ ကဖင်းဓာတ်များကို လျှော့ချနိုင်ကြောင်း သိရသည်။ အထက်ပါ လေ့လာချက်စစ်တမ်းများအရ ပုံမှန်သောက်သုံးခြင်းသည် လူကိုတစ်စုံတစ်ရာ အန္တရာယ်မဖြစ်ပေါ်နိုင်ကြောင်း တွေ့ရသည်။

ကာကွယ်နိုင်

ကော်ဖီသောက် သတ်မှတ်နှုန်းထားအတိုင်းသောက်လျှင် အန္တရာယ်ဖြစ်ပွားနိုင်မှုမရှိချေ။ ကော်ဖီသည် ကင်ဆာအပြင် အခြားရောဂါအချို့ကို ကာကွယ်နိုင်စွမ်းရှိကြောင်း သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားထားသည်။

(ကိုးကား-အင်တာနက်)

● *ကျောဖုံးမှ*

တွေ့ဆုံမှာကြား

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လေဆိပ်ခန်းမဆောင်၌ ချစ်ကြည်ရေးပြိုင်ပွဲဝင် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားအဖွဲ့ဝင်များအားတွေ့ဆုံ၍ မြန်မာ့တပ်မတော်(ကြည်း) ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့သည် ယခုချစ်ကြည်ရေးပြိုင်ပွဲတွင် ခြေရည်တူ၊ လက်ရည်တူဖြင့် နှစ်နိုင်ငံတပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ကြ၍ ရည်မှန်းချက် အောင်မြင်ခဲ့ကြောင်း၊ ယခုချစ်ကြည်ရေးပြိုင်ပွဲမှ အတွေ့အကြုံကောင်းများကို အခြေခံ၍ အားသာချက်များကို ပိုမိုအားသာစေရန်နှင့် အားနည်းချက်များကို ပြုပြင်၍ အားသာမှုဖြစ်လာစေရန် သုံးသပ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လာမည့်ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်နှင့် တပ်မတော်၏ဂုဏ်တို့ကိုမြှင့်တင်နိုင်ရေးအတွက် တပ်မတော်သားများပီပီ စိတ်ဓာတ်၊ စည်းကမ်း၊ ဖွဲ့၊ လုံ့လဝီရိယ အပြည့်ဖြင့် စဉ်ဆက်မပြတ်ကြိုးပမ်းလေ့ကျင့်သွားကြရန်လည်း မှာကြားလိုကြောင်း။

နိုင်ငံ့ဂုဏ်ဆောင်

ယခု ချစ်ကြည်ရေးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်အားကစားအဖွဲ့ဝင်များအနေဖြင့်လည်း တပ်မတော်လက်ရွေးစင်အဖြစ်မှ နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်များအဖြစ်သို့ တက်လှမ်းသွားနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ ချစ်ကြည်ရေးပြိုင်ပွဲများတွင် မြန်မာ့တပ်မတော်(ကြည်း)ဘောလုံးအသင်းသည် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ နှစ်ပွဲနှင့် မြန်မာ့တပ်မတော်(ကြည်း) ဘော်လီဘောအသင်းသည် ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ လေးပွဲတို့ကို ခြေရည်တူ၊ လက်ရည်တူဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၇ ရက်က လှိုင်သာယာမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ်(၂) ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာသင်ကြားမှု ထူးချွန်ဆုရ ဆရာမ ဒေါ်မြမြသန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးက ဆုချီးမြှင့်စဉ်။

(က-ပ)

ရုရှားနိုင်ငံ၏ လုံခြုံရေးအတွက် လိုအပ်လာပါလျှင် နျူကလီးယားလက်နက်များကို အသုံးပြုဖွယ်ရှိဟုဆို

မော်စကို ဇန်နဝါရီ ၂၁

ရုရှားတပ်ဖွဲ့ဝင်များသည် နိုင်ငံ၏လုံခြုံရေးကို ကာကွယ်ရန်နှင့် မဟာမိတ်နိုင်ငံများအား ကာကွယ်ပေးနိုင်ရန် လိုအပ်လာလျှင် နျူကလီးယားလက်နက်များ အသုံးပြုဖွယ်ရှိကြောင်း ရုရှားကြည်းတပ်ဗိုလ်ချုပ်ကြီး ယူရီဘာလုယက်စကီက ဇန်နဝါရီ၁၉ရက်တွင် ပြောကြားသည်။

အသုံးပြုဖွယ်

မိမိတို့သည် မည်သည့်နိုင်ငံကိုမျှ တိုက်ခိုက်ရန် မရည်ရွယ်ကြောင်း၊ သို့ရာတွင် ရုရှားနိုင်ငံနှင့် ၎င်း၏ မဟာမိတ်တို့အား ကာကွယ်ရန် လိုအပ်လာလျှင် နျူကလီးယားလက်နက် အသုံးပြုဖွယ်ရှိကြောင်း အဆိုပါ ဗိုလ်ချုပ်ကြီးက ရုရှားစစ်ဘက် သိပ္ပံကျောင်း၌ ကျင်းပသော သိပ္ပံဆိုင်ရာ အစည်းအဝေးတွင် ပြောကြားခဲ့သည်ကို အီတာတာ့စ်သတင်းဌာနက ကိုးကားဖော်ပြသည်။

ကိုင်တွယ်အသုံးပြု

လုံခြုံရေးခြိမ်းခြောက်မှု အသစ်များ ပေါ်ပေါက်လာခြင်းနှင့်အတူ ရုရှားတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ခေတ်မီလက်နက်များကို ကိုင်တွယ်အသုံးပြုတတ်ရန် လိုအပ်လာပြီဖြစ်ကြောင်း ဘာလုယက်စကီက ပြောကြားသည်။

ပြောကြား

ဘဝသည် အမြဲတမ်းပြောင်းလဲနေသကဲ့သို့ နိုင်ငံ၏လုံခြုံရေးကို ကာကွယ်ပေးရန်အတွက် ခေတ်မီယန္တရားများ ကိုင်တွယ်အသုံးပြုနိုင်ရန်မှာ အရေးကြီးဆုံးဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ ဘာလုယက်စကီသည် အဆိုပါ မိန့်ခွန်းကို ဂျော်ဂျီယာနိုင်ငံက နေတိုး အဖွဲ့သို့ဝင်ရန် ကြေညာခဲ့ပြီး တစ်ရက်အကြာတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



ရုရှားနိုင်ငံ၏လုံခြုံရေးအတွက် အသုံးပြုမည့် နျူကလီးယားလက်နက်ကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လက်ဘနွန်သမ္မတရွေးကောက်ပွဲ ရက်ရွှေ့ဆိုင်းရပြန် (၁၃)ကြိမ်မြောက် ရွှေ့ဆိုင်းမှုဖြစ်

ဘေရွတ် ဇန်နဝါရီ ၂၁

လက်ဘနွန်သမ္မတရွေးကောက်ပွဲကျင်းပမှုကို မူလက ဇန်နဝါရီ ၂၁ ရက်၌ ကျင်းပရန် စီစဉ်ထားသော်လည်း ယခုအခါ ဖေဖော်ဝါရီ ၁၁ရက်သို့ ရွှေ့ပြောင်းလိုက်ကြောင်း လက်ဘနွန်ပါလီမန်က သတင်းထုတ်ပြန်လိုက်သည်။ လက်ဘနွန်ပါလီမန်၏ အထူးအစည်းအဝေးတစ်ရပ်ကို ဇန်နဝါရီ၂၀ ရက်က ကျင်းပခဲ့ပြီးနောက် ယခုကဲ့သို့ သမ္မတရွေးကောက်ပွဲကို ရက်ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

(၁၃) ကြိမ်ရှိပြီ

ယခုကဲ့သို့ လက်ဘနွန်သမ္မတ ရွေးကောက်ပွဲရက်ရွှေ့ဆိုင်းမှုမှာ ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၂၅ ရက်မှ စတင်၍ ရွှေ့ဆိုင်းခဲ့သည်မှာ (၁၃)ကြိမ်ရှိခဲ့ပြီးဖြစ်သည်။ ယခုကဲ့သို့ ရက်ရွှေ့ဆိုင်းမှုမှာ မကြာမီက အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမာမူဆာ လက်ဘနွန်နိုင်ငံသို့လာရောက်ခဲ့ပြီးနောက် ရက်ရွှေ့ဆိုင်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဝေဖန်ဆန်းစစ်

လက်ဘနွန်သမ္မတရွေးကောက်ပွဲမှာ အခက်အခဲပြဿနာများနှင့် ကြုံတွေ့နေရပြီး ရွေးချယ်ရေးကိစ္စနှင့်ပတ်သက်၍ တိကျပြတ်သားသော အနေအထားမျိုးလည်း မရှိကြောင်း ကျွမ်းကျင်သူများက ဝေဖန်ဆန်းစစ်လျက်ရှိသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရန် နျူကလီးယားစက်ရုံအတွက် ယူရေနီယံများ ရုရှားမှပေးပို့

တီဟီရန် ဇန်နဝါရီ ၂၁

အီရန်နိုင်ငံ ဘူရှဲနျူကလီးယား ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သော ယူရေနီယံများကို ရုရှားတို့က အီရန်နိုင်ငံသို့ပေးပို့မှုမှာ ဇန်နဝါရီ ၂၀ရက်က ရောက်ရှိလာခဲ့သည်။

အသုံးပြုရန်

ထိုယူရေနီယံများမှာ အီရန်နိုင်ငံ၏ ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်သည့် ဘူရှဲစက်ရုံတွင် အသုံးပြုရန်ဖြစ်ပြီး ယခုတင်ပို့ပေးလိုက်သော ယူရေနီယံများမှာ လေးကြိမ်မြောက်ဖြစ်သည်ဟု ရုရှားအရာရှိများက ပြောကြားသည်။

ပြောကြား

ယူရေနီယံလောင်စာတန်ချိန် ၁၁တန်ကို သင်္ဘောဖြင့်တင်ပို့မှု ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထိုယူရေနီယံများကြောင့် အီရန်၏ နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

တင်ပို့

ရုရှားတို့က အီရန်၏ဘူရှဲနျူကလီးယား ဓာတ်အားပေးစက်ရုံသို့ ယူရေနီယံ တင်ပို့ပေးမှုမှာ ယခုအခါ တန်ချိန်စုစုပေါင်း ၈၂တန်ရှိပြီဖြစ်ကြောင်း၊ ဘူရှဲနျူကလီးယားစက်ရုံကို လာမည့်စက်တင်ဘာလ၌ စတင်လည်ပတ်တော့မည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဆိုက်ရောက်လာ

ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့ လေဆိပ်၌ ဆိုက်ရောက်လာသည့် ယူကရိန်းနိုင်ငံမှ အန်တိုနိုဗ်-၂၂၅ ကုန်တင်လေယာဉ်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗန်ကောက်မြို့၌ လက်လုပ်ဗုံးပေါက်ကွဲ နိုင်ငံရေးဖြစ်စဉ်နှင့် ဆက်စပ်ခြင်း ရှိ၊ မရှိ စစ်ဆေးနေ

ဗန်ကောက် ဇန်နဝါရီ ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းက ဗုံးတစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါဗုံးမှာ လက်လုပ်ဗုံးဖြစ်ကြောင်း ဗန်ကောက်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲခဲ့

ထိုဗုံးပေါက်ကွဲမှုမှာ ဗန်ကောက်မြို့ ဘန်ခန်ခရိုင်အရှေ့ပိုင်း အိမ်ဆိုင်တစ်ခု၏ရှေ့တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲခဲ့သည့်နေရာသည် ဗိသုကာလုပ်ငန်းဆိုင်ရာ ကုမ္ပဏီတစ်ခုနှင့်လည်း နီးကပ်သောအနေအထား၌ ရှိသည်။

တိုက်ခိုက်ခဲ့

ဗုံးပေါက်ကွဲခဲ့သည့် အချိန်သည် ဇန်နဝါရီ၂၀ရက် နံနက်၄နာရီအချိန်၌ဖြစ်ပြီး အနီးရှိနေအိမ်တံခါးများ ပျက်စီးခဲ့သည်။ ဗုံးမှာ ပီဗွီစီပိုက်တစ်ခုအတွင်း ပေါက်ကွဲစေတတ်သော ယမ်းမှုန့်များထည့်သွင်းကာ ဗုံးအဖြစ် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

စုံစမ်းစစ်ဆေး

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ထိုင်းရဲတပ်ဖွဲ့က နိုင်ငံရေးဖြစ်စဉ်နှင့် ဆက်စပ်ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးလျက်ရှိသည်။

(အင်တာနက်)

လက်ဘနွန်နိုင်ငံရေး အကျပ်အတည်းပြေရှင်းရန် ဆီးရီးယားသမ္မတနှင့် အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် ဆွေးနွေး

ဒမတ်စကက် ဇန်နဝါရီ ၂၁

ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်သည် ဆီးရီးယားနိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမာမူဆာနှင့် ဇန်နဝါရီ၁၉ရက်က တွေ့ဆုံကာ လက်ဘနွန်နိုင်ငံ အကျပ်အတည်းနှင့်ပတ်သက်ပြီး ဆွေးနွေးကြသည်။

သဘောထားကွဲလွဲ

လက်ဘနွန်နိုင်ငံသို့ မကြာမီက အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမာမူဆာ ခရီးသွားရောက်စဉ်အတွင်း လက်ဘနွန်နိုင်ငံရှိ နိုင်ငံရေးခေါင်းဆောင်များအကြား သဘောထား ကွဲလွဲနေမှုများနှင့်ပတ်သက်၍ ဆီးရီးယားသမ္မတနှင့် တွေ့ဆုံစဉ် အမာမူဆာက ပြောကြားသည်။

ဆွေးနွေး

ဆီးရီးယားသမ္မတနှင့် အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ်တို့အနေဖြင့် အီရတ်အခြေအနေ၊ ပါလက်စတိုင်းနှင့် အစ္စရေးတို့ ပြဿနာများနှင့် အခြားအရှေ့အလယ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် လာမည့်မတ်လတွင် ဒမတ်စကက်မြို့၌ ကျင်းပမည့် အာရပ်ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်၍လည်း နှစ်ဦးနှစ်ဖက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။

(အင်တာနက်)

22-1 (04) 1 1/22/08, 1:42 AM

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကင်ညာရွေးကောက်ပွဲ တင်းမာမှုများ ဆက်လက်ဖြစ်ပွား အတိုက်အခံများက ဆန္ဒကျင်ဆန္ဒပြပွဲများ ဆက်လက်ပြုလုပ်မည်ဟုဆို

နိုင်ရိုဘီ ဇန်နဝါရီ ၂၁

ကင်ညာနိုင်ငံ၌ သမ္မတရွေးကောက်ပွဲ အငြင်းပွားမှုကြောင့် အစိုးရနှင့်အတိုက်အခံတို့အကြား တင်းမာမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ တင်းမာမှုများ အဆုံးသတ်ရန် ဥရောပသမဂ္ဂ ဖွံ့ဖြိုးရေးကော်မရှင်က ဇန်နဝါရီ ၂၀ ရက်တွင် အစိုးရနှင့် အတိုက်အခံတို့အား တိုက်တွန်းလိုက်သည်။

ဥရောပသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးမင်းကြီး လူးဝစ်မစ်ချယ်သည် ကင်ညာ အကျပ်အတည်းကို ဖြေရှင်းပေးနိုင်ရန် ကင်ညာသမ္မတ ကီဘာကီနှင့် အတိုက်အခံ ခေါင်းဆောင် အိုဒင်ဂါတို့အား သီးခြားစီတွေ့ဆုံခဲ့သည်ဟု ဆိုသည်။

ဆက်လက်ပြုလုပ်

သို့သော်လည်း အတိုက်အခံခေါင်းဆောင် မစ္စတာအိုဒင်ဂါ၏ ပါတီက နောက်ဆုတ် အရှုံးပေးလိမ့်မည် မဟုတ်ကြောင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် နိုင်ငံတစ်ဝန်း ဆန္ဒပြပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ပိုမိုဆိုးရွားလာနိုင်

ကင်ညာအတိုက်အခံခေါင်းဆောင် အိုဒင်ဂါ၏ အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ပြန်စတင်ရန် လှုံ့ဆော်လိုက်ခြင်းသည် အကြမ်းဖက်မှုများ ပိုမိုဆိုးရွားလာစေနိုင်ကြောင်း ဥရောပသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မင်းကြီးက သတိပေးပြောကြားလိုက်သည်။ **(အင်တာနက်)**

ကင်ညာနိုင်ငံ ရွေးကောက်ပွဲ တင်းမာမှုများကြောင့် အကြမ်းဖက်မှုများ ပိုမိုဆိုးရွားလာသဖြင့် ရဲတပ်ဖွဲ့မှ လုံခြုံရေးစောင့်ကြပ်နေသည်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ထိုင်းညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး ပီပီပီပါတီနှင့် ငါးပါတီပူးပေါင်းမည်

ဗန်ကောက် ဇန်နဝါရီ ၂၁

ထိုင်းပြည်သူ့ အာဏာပါတီ(ပီပီပီ)က ထိုင်းညွန့်ပေါင်းအစိုးရသစ် ဖွဲ့စည်းမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ပီပီပီပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းမည့် ငါးပါတီမှာ ချတ်ထိုင်းပါတီ၊ ပူအာပန်ဒင်ပါတီ၊ ရူအမ်ဂျေးထိုင်းခွတ်ပတ္တနာ၊ မက်ချီမာသီပတ္တယာနှင့် ပရာချာရာပါတီတို့ ဖြစ်သည်။

အမတ်နေရာ ၄၈၀ ရှိမည့် ထိုင်းအောက်လွှတ်တော်တွင် ညွန့်ပေါင်းအစိုးရအနေဖြင့် အမတ်နေရာ ၃၁၅ နေရာရမည်ဟု မျှော်မှန်းတွက်ဆသည်။ အချို့အမတ်နေရာများမှာ ရွေးကောက်ပွဲကော်မရှင်က ယခုအထိ အတည်ပြုမပေးသေးဟု သိရသည်။

ဇန်နဝါရီ ၂၁ ရက်တွင် ပါလီမန်အစည်းအဝေး ကျင်းပသည်ဟု ပီပီပီပါတီခေါင်းဆောင် ဆမတ်ကပြောကြားသည်။ ပါလီမန်အစည်းအဝေးက ဝန်ကြီးချုပ်သစ်ကို ရွေးချယ်ရမည်။ ရွေးချယ်ပြီးသည့်အခါတွင် ထိုင်းဘုရင်မင်းမြတ်၏ အတည်ပြုချက်ရယူရန် ရက်အနည်းငယ်စောင့်ရမည်ဖြစ်သည်။ **(အင်တာနက်)**

၂၀၀၇ခုနှစ် မလေးရှား၏ ခရီးသွားနှစ်အတွင်း ခရီးသည် ၂၁သန်းခန့် ရောက်ရှိခဲ့

ကွာလာလမ်ပူ ဇန်နဝါရီ ၂၁

ယခင်နှစ်အတွင်း မလေးရှားနိုင်ငံ၏ ပြည်ပခရီးသည်ရောက်ရှိမှုသည် ၂၀ ဒသမ ၈၈ သန်း ရောက်ရှိကြောင်း ခရီးသွားမှတ်တမ်း၌ ဖော်ပြသည်။ နှစ်စဉ်ခရီးသွား လုပ်ငန်း အနေဖြင့် ၂၀၀၇ခုနှစ်သည် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၇ခုနှစ်အတွင်း မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၉ ဘီလီယံ ရရှိပြီး စက်မှုလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁၅ ဘီလီယံ ရရှိကြောင်း ထပ်လောင်းပြောကြားသည်။

မလေးရှားနိုင်ငံ၏ ခရီးသွားနှစ်ဖြစ်သည့် ၂၀၀၇ခုနှစ် ပထမရှစ်လအတွင်း မျှော်မှန်းထားသည့် ခရီးသွားဧည့်သည် ၂၁သန်းခန့်ရောက်ရှိကြောင်း ဆင်ဟွာသတင်း၌ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လက်ဘနွန်၌ ဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုများ စိုးရိမ်ပူပန်နေရကြောင်း ကုလသမဂ္ဂပြောကြား

ဂျီနီဗာ ဇန်နဝါရီ ၂၁

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ လွန်ခဲ့သောသီတင်းပတ်အတွင်း ဇန်နဝါရီ၁၆ ရက်က အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုများတွင် အနည်းဆုံး သုံးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ အမေရိကန်သံရုံးကားကိုလည်း ဗုံးထိမှန်ခဲ့မှုကြောင့် ယင်းအတွက် ကုလသမဂ္ဂအနေဖြင့် စိုးရိမ်ပူပန်နေရကြောင်း ပြောကြားသည်။

စိုးရိမ်

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသွားသူများ၊ မိသားစုများ၊ လက်ဘနွန် အစိုးရနှင့် ပြည်သူများအတွက် အလွန်အမင်း စိုးရိမ်ဝမ်းနည်းမိကြောင်း လုံခြုံရေးကောင်စီ အဖွဲ့ဝင်များ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ထောက်ခံ

ယင်းကဲ့သို့ အကြမ်းဖက်တိုက်ခိုက်နေခြင်းသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုလည်း ခြိမ်းခြောက်လာနေကြောင်း၊ လက်ဘနွန်အစိုးရအနေဖြင့် အကြမ်းဖက် အုပ်စုအား လက်တုံ့ပြန်တိုက်ခိုက်ခြင်းကို လုံခြုံရေးကောင်စီက ထောက်ခံကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနေဖြင့်လည်း လက်ဘနွန်နိုင်ငံ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ချုံကျင်းမြို့၌ ၂၀၀၈ ခုနှစ် အိုလံပစ်ပွဲတော်အထိမ်းအမှတ်အဖြစ် ဘောလုံးပုံသဏ္ဌာန် ပြုလုပ်ပြသထားသည်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယအရှေ့ပိုင်း၌ ကြက်ငှက်တုပ်ကွေး ပျံ့နှံ့

ကိုလ်ကတ္တား ဇန်နဝါရီ ၂၁

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ်တစ်ခုရှိ ခရိုင်နှစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါပြန့်ပွားနေကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ၁၉ရက်တွင် ပြောကြားလိုက်သည်။

ကြက်ငှက်များ သေစေနိုင်သော H_5N_1 ဗိုင်းရပ်စ်ပိုးကို ဘာဒဝမ်နှင့် နာဒီမာခရိုင်များ၌ တွေ့ရှိရကြောင်း၊ ဘန်ဂလယ်ပြည်နယ် အနောက်ပိုင်းတွင်လည်း ခရိုင်ငါးခုအထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ယင်းဗိုင်းရပ်စ်ပိုးသည် ခရိုင်များအတွင်းနေရာအသစ်များ ဆက်လက်ပြန့်ပွားလျက်ရှိသည်။

အိန္ဒိယနိုင်ငံ၌ ၂၀၀၆ခုနှစ်မှစပြီး စတုတ္ထအကြိမ်မြောက် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားခဲ့သော်လည်း လူသို့ကူးစက်ခြင်း မရှိသေးကြောင်း သိရသည်။

ဘန်ဂလယ်ပြည်နယ် အနောက်ပိုင်း၌ ကြက်ငှက်တုပ်ကွေး ပျံ့နှံ့လာမည်ကို စိုးရိမ်ရသဖြင့် ကြက်နှင့် ဘဲကောင်ရေ လေးသိန်း ယခုသီတင်းပတ်အတွင်း သုတ်သင်ခဲ့ပြီးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ပြင်သစ်နိုင်ငံသား ဂျိုင်ယွန် ရွက်လှေဖြင့် ကမ္ဘာပတ်စံချိန်ချိုး

ပါရီ ဇန်နဝါရီ ၂၁

ပြင်သစ်နိုင်ငံသား လူစွန့်စား ဖရန့်ဆစ်ဂျိုင်ယွန်သည် ရွက်လှေဖြင့် ကမ္ဘာကိုပတ်ခဲ့ရာ ယခင်က ကမ္ဘာ့စံချိန်ချိုးထားသည့် မက်အာသာထက် ၁၄ ရက်ကျော်စောပြီး ပန်းဝင်နိုင်ခဲ့သည်။

အသက် ၅၁ နှစ်ရှိပြီဖြစ်သော အဆိုပါလူစွန့်စားသည် ကမ္ဘာကို ရွက်လှေဖြင့်ပတ်ခဲ့ရာ ၅၇ ရက် ၁၃ နာရီ ၃၄ မိနစ်နှင့် ၆ စက္ကန့် ကြာခဲ့သည်။

ရွက်လှေဖြင့် ကမ္ဘာပတ်သူ ဖရန့်ဆစ်ဂျိုင်ယွန်။ (အင်တာနက်ဓာတ်ပုံ)

ဗြိတိသျှသဘော်သား လူစွန့်စားသည် ၂၀၀၅ခုနှစ်က ကမ္ဘာကို ရွက်လှေဖြင့်ပတ်ခဲ့ရာ ၇၁ ရက် ၁၄ နာရီ ၁၈ မိနစ်နှင့် ၃၃ စက္ကန့် ကြာခဲ့သည်။

ပြန်လည်ရောက်ရှိ

လူစွန့်စားဖရန့်ဆစ် ဂျိုင်ယွန်သည် ၂၀၀၇ခုနှစ် နိုဝင်ဘာ ၂၃ရက်က ပြင်သစ်နိုင်ငံ ဘရက်စ်မြို့မှ စတင်ထွက်ခွာလာခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် စတင်ထွက်ခဲ့သောနေရာသို့ ပြန်လည်ရောက်ရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါ တစ်ကိုယ်တော် လူစွန့်စားသည် ပြင်သစ်ကမ်းခြေသို့ ဦးတည်ရွက်လွှင့်မထွက်ခွာမီ တောင်အာဖရိက၊ ဩစတြေးလျနှင့် ချီလီကမ်းခြေများသို့ ရောက်ရှိခဲ့သည်ဟု ဆိုသည်။

ဖြတ်သန်းခဲ့

ဂျိုင်ယွန်သည် ရေကြောင်းခရီးဖြင့် ကမ္ဘာပတ်ခဲ့ရာတွင် အိန္ဒိယ သမုဒ္ဒရာကို ကိုးရက်နှင့် ၁၂ နာရီ၊ ပစိဖိတ်သမုဒ္ဒရာကို ၁၀ ရက်နှင့် ၁၄ နာရီကြာအောင် ဖြတ်သန်းခဲ့ရသည်ဟု ဆိုသည်။

(အင်တာနက်)

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ အရပ်သား ငါးဦးသေဆုံး နှစ်ဦးဒဏ်ရာရရှိ

ကဘူးလ် ဇန်နဝါရီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဇန်နဝါရီ ၂၀ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း ကန်ဒါဟာပြည်နယ်မှ ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။

ထိုလမ်းဘေးဗုံးပေါက်ကွဲသည့်နေရာမှာ ပင်ဝါယီခရိုင်အတွင်းဖြစ်ပြီး တာလီဘန်တိုက်ခိုက်ရေးသမားများက နေတိုးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထား တိုက်ခိုက်သည့် လမ်းဘေးဗုံးလည်း ဖြစ်သည်။

နေတိုးတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်း ဖြတ်သန်းမောင်းနှင်ချိန် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သော်လည်း အရပ်ဘက်မော်တော်ယာဉ် ဖြတ်သန်းမောင်းနှင်စဉ် ယခုကဲ့သို့ ဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့က နေတိုးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုများမှာ ၂၀၀၇ခုနှစ်ကထက် ပိုမိုမြင့်မားလာနိုင်ကြောင်း နေတိုးအရာရှိများက ခန့်မှန်းထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

စုံနံ့သာမြိုင် ရှာပုံတော်ဖွင့်ပါလို့

ဗြိတိန်နိုင်ငံသား ဒေါက်တာဂါရီမက်ကန်းနှင့် ဒေါက်တာ ကိတ်မက်ကန်းတို့သည်ရွေ့သွားနောက်လိုက်ညီပြီး ချစ်ခင်စည်းလုံးသော ဇနီးမောင်နှံဖြစ်သည်။ သူတို့တွင် သုံးနှစ်ကျော်ရှိ သမီး မာဒီလိန်းမက်ကန်း အပြင် သား ဆီအန်မက်ကန်းနှင့်သမီး အမ်မီလီမက်ကန်းတို့ အမြွှာမောင်နှမ သားသမီးသုံးဦး ထွန်းကားခဲ့သည်။

နာကျင်ခံစား

တီတီတာတာနှင့် စကားတတ်သော သားသမီးများကို သူတို့ဇနီးမောင်နှံချစ်မဝနိုင်သေးချေ။ ထိုအချိန်တွင် သမီးကြီး မာဒီလိန်းမက်ကန်း ပျောက်သွားခဲ့သည်။ သမီးကြီး မာဒီလိန်းအကြောင်းပြန်တွေးမိလျှင် ရင်ထဲနှလုံးသားထဲတွင် ဖော်မပြနိုင်အောင် နာကျင်ခံစားရသည်။ ယင်းဝေဒနာများနှင့်အတူ ဂါရီ၏ စိတ်အစဉ်သည်လည်း အတိတ်၏ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားခဲ့သည်။

လွတ်မြောက်ခဲ့ရ

၂၀၀၇ ခုနှစ် မေလ ၁ ရက်က ပေါ်တူဂီနိုင်ငံ ပရာရီယာဒါလစ်ကမ်းခြေသို့ အပန်းဖြေထွက်ခဲ့ကြသော်လည်း အပျော်ကို ကြာရှည်စွာ မခံစားလိုက်ရပေ။ မေလ ၃ ရက်နေ့တွင် သူတို့ဇနီးမောင်နှံ တည်းခိုရာ အခန်းမှ မနီးမဝေးတွင် ညစာစားနေကြစဉ် သမီးကြီး မာဒီလိန်းမှာ ပျောက်ခြင်းမလှ ပျောက်သွားတော့သည်။ ၎င်းတို့သည် သမီးကြီးအတွက် ရတက်မအေးဖြစ်ပြီး ယူကျုံးမရ ဖြစ်ခဲ့ရတော့သည်။ ထို့အပြင် သူတို့ ဇနီးမောင်နှံကို မာဒီလိန်း ပျောက်မှုတွင် ရဲတပ်ဖွဲ့၏ သံသယစာရင်း၌ ထည့်ထားခံရပြန်သည်။ ဗြိတိန်မှ ပြည်ပြေး ရောဘတ်မူရက်ကိုလည်းသံသယစာရင်းတွင်ထည့်သွင်းခဲ့ကြသည်။ သို့သော် သူတို့သုံးဦးစလုံး အထောက်အထား ခိုင်လုံသဖြင့် ယင်းအမှုမှ လွတ်မြောက်ခဲ့ရသည်။

ဂါရီမက်ကန်း(ဝဲ)၊ ကိတ်မက်ကန်း (ယာ) နှင့် သမီး မာဒီလိန်း။

သားသမီးဇော

ဂါရီနှင့် ကိတ်တို့သည် မာဒီလိန်းမပါဘဲ ဗြိတိန်သို့မပြန်ဟု သားသမီးဇောဖြင့်ပေါ်တူဂီတွင်လအနည်းငယ်ကြာ ဆက်လက်နေထိုင်ခဲ့သည်။ မာဒီလိန်းကို ဆက်ရှာမည်ဟု ဆုံးဖြတ်ထားသော ၎င်းတို့နှစ်ဦးကို ပေါ်တူဂီ ရဲတပ်ဖွဲ့က သံသယစာရင်းတွင် ထည့်သွင်းခဲ့ပြီးနောက် ဗြိတိန်နိုင်ငံသို့ စိတ်မကောင်းကြီးစွာဖြင့် ပြန်ခဲ့ကြသည်။ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှု၊ ထုတ်ပြန်ကြေညာမှုကြောင့် သူတို့အနီးတွင် တည်းခိုခဲ့သူ ဂေးလ်ကူးပါးဆိုသူ အမျိုးသမီး၏ ခင်ပွန်းသည် မာဒီလိန်းပျောက်သည့်နေ့ မွန်းလွဲပိုင်းက ဈေးဝယ်ထွက် နေခဲ့စဉ်တွင် ကူးပါးထံသို့ လူတစ်ဦး အလည်လာခဲ့ကြောင်း၊ အဆိုပါ အမျိုးသားသည် အသား ဝါကြန့်ကြန့်နှင့် ကပျစ်ကညစ် ပုံစံရှိပြီး မိဘမဲ့ကလေးများအတွက် ငွေကြေးစုဆောင်းနေခြင်း ဖြစ်ကြောင်းသိရသည်။

ကူးပါးက ဗြိတိန်ပြန်ရောက်ပြီးနောက် ရဲတပ်ဖွဲ့က ကြေညာချက်ထုတ်ပြန်သောအခါမှ ၎င်းအနေဖြင့် မာဒီလိန်းပျောက်ဆုံးမှုကို သိခဲ့ရပြီး ပေါ်တူဂီရဲတပ်ဖွဲ့က မသင်္ကာစာရင်းတွင် သူ့အား ထည့်ထားသည်ကို သိခဲ့ရကြောင်း၊ သူ့ထံလာလည်သူသည် နှုတ်ခမ်းမွေးနှင့် အသားညိုစိမ့်စိမ့် ဘက်သို့လုသော လူဖြူတစ်ဦးဖြစ်ပြီး ဆံပင်ကုပ်ထောက်ဖြင့် ပိန်ပိန်ပါးပါးဖြစ်ကြောင်း ဆိုသည်။

ဂါရီနှင့်ကိတ်တို့သည် မာဒီလိန်းမပါဘဲ ဗြိတိန်သို့မပြန်ဟု သားသမီးဇောဖြင့် ပေါ်တူဂီတွင် လအနည်းငယ်ကြာ ဆက်လက်နေထိုင်ခဲ့။

ပူးပေါင်းဖော်ထုတ်

မာဒီလိန်းကြောင့် ရတက်မီးပွားနေခဲ့ရသူ မိဘနှစ်ပါးသည် ကူးပါး၏ ပြောပြချက်ကို အခြေခံ၍ မသင်္ကာဖွယ်လူ၏ ကိုယ်တစ်ပိုင်းပုံနှင့် ရုပ်အင်္ကျီအစိမ်း၊ ဂျာကင်လက်ရှည်နှင့် အရောင်ဖျော့ ဘောင်းဘီရှည်ထဲသို့ လက်နှိုက်လမ်းလျှောက်နေသည့် ပုံနှစ်ပုံကို ရဲတပ်ဖွဲ့က ပုံဖော်ကျွမ်းကျင်သူ၏ အကူအညီဖြင့် ပုံကြမ်းထုတ်ပြီး ယင်းအမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေသူအားလုံးထံသို့ ပုံကြမ်းများကို ပေးပို့ခဲ့သည်။ ထို့အပြင် မာဒီလိန်း ပျောက်သည့်ညက ကမ်းခြေဘက်မှ လူတစ်ဦးကလေးချီလာသည်ကိုတွေ့ခဲ့ရကြောင်း ရဲတပ်ဖွဲ့ကို စောစောပိုင်းက သတင်းပေးခဲ့သူ ဂါရီမက်ကန်း မိသားစု၏ မိတ်ဆွေ ဂျိမ်းတန်နာကို ပုံကြမ်းပြခဲ့ရာ သူတွေ့သောလူ၏ပုံနှင့် ဆင်တူကြောင်း ပြောကြားခဲ့သည်။ ယင်းအမှုကို ဗြိတိန်အာဏာပိုင်များက ပေါ်တူဂီ ရဲတပ်ဖွဲ့၊ နိုင်ငံတကာရဲတပ်ဖွဲ့၊ စပိန်နှင့် မော်ရိုကို အာဏာပိုင်များနှင့် ပူးပေါင်းဖော်ထုတ်နေသည်။

ဤဖြစ်ရပ်ကိုကြည့်လျှင် သားသမီးကို ခေတ္တ မျက်ကွယ်ပြုမိရုံဖြင့် ရင်ကွဲပက်လက်ဖြစ်ခဲ့ရသော မိဘနှစ်ပါး၏ ရင်နှင့်ဖွယ်ဖြစ်ရပ်သည် သတိပြု ဆင်ခြင်ဖွယ်ဖြစ်ပြီး မက်ကန်း မိသားစု၏ စုံနံ့သာမြိုင် ရှာပုံတော်ခရီး အောင်မြင်မှု ရှိမရှိကိုမူ စောင့်ကြည့်ရမည်သာ ဖြစ်ပါကြောင်း။ ။

ချစ်စိုးနိုင်-ကိုးကားရေးဖွဲ့သည်

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ



နှစ်သစ်ကူးပွဲ ဆင်နွှဲရန်

တရုတ်နိုင်ငံ ရှန်စီပြည်နယ် စီအင်မြို့တွင် နှစ်သစ်ကူးပွဲတော် ဆင်နွှဲရန် ခရီးသွားလာကြသူများ ဇန်နဝါရီ ၂၁ ရက်က ဘူတာရုံ၌ လက်မှတ်တန်းစီ နေကြသည့် မြင်ကွင်း။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ကျိကျန်းပြည်နယ် ဝမ်ကျိုမြို့တွင် ငါးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သော စက်ရုံတစ်ရုံတွင် ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် မြင်ကွင်းကို ဇန်နဝါရီ ၂၁ ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဇန်နဝါရီ ၂၁ ရက်က ဆီးနှင်းများ ထူထပ်စွာ ကျဆင်းခဲ့သည့် မြင်ကွင်းကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သတင်းများ

အမေရိကန်က ဒုံးခွင်းဒုံးချထားရန် ကြိုးပမ်းမှု ရုရှားနိုင်ငံက လက်မခံ ပယ်ချခဲ့ဟုဆို

မော်စကို ဇန်နဝါရီ ၂၁

အမေရိကန်နိုင်ငံက ဥရောပအလယ်ပိုင်း၌ ဒုံးခွင်းဒုံးများ ဖြန့်ကြက်ချထားရန် ညှိနှိုင်းဆောင်ရွက်ခြင်းကို ရုရှားနိုင်ငံအနေဖြင့် လက်ခံနိုင်မည်မဟုတ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးက မော်စကိုမြို့ လုံခြုံရေးအစည်းအဝေး၌ ပြောကြားသည်။

ကိုးကားဖော်ပြ

အမေရိကန်နိုင်ငံက ယင်းကိစ္စအတွက် မိမိတို့ကို ချုပ်ကိုင်ရန် ကြိုးစားနေဆဲဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်ခံလိမ့်မည်မဟုတ်ကြောင်း အဆိုပါဝန်ကြီး၏ ပြောကြားချက်ကို အာအိုင်အေသတင်းဌာနက ကိုးကားဖော်ပြသည်။

အမေရိကန်နိုင်ငံသည် ပိုလန်၌ ဒုံးခွင်း ဒုံး ၁၀ခု၊ ချက်သမ္မတနိုင်ငံ၌ ရေဒါစနစ် တစ်ခု ဖြန့်ကြက်ချထားရန် စီစဉ်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် နိုင်ငံ၏ လုံခြုံရေးကိုစိုးရိမ်ရသဖြင့်ကန့်ကွက်ကြောင်းဖြစ်လည်း ၎င်းက ပြောကြားသည်။

ဆွေးနွေး

အဆိုပါကိစ္စအတွက် ပိုလန်နိုင်ငံခြားရေးဝန်ကြီးသည် လာမည့်သီတင်းပတ်တွင် ရုရှားသို့ လာရောက်လည်ပတ်စဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာရော့စ်နှင့် ဆွေးနွေးမည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆားဘီးယားသမ္မတ ရွေးကောက်ပွဲကျင်းပ

ဘဲလဂရိတ် ဇန်နဝါရီ ၂၁

ဆားဘီးယားသမ္မတ ရွေးကောက်ပွဲတွင် ပြည်သူများ မဲပေးနေကြသည်။ ဤရွေးကောက်ပွဲမှာ ဆားဘီးယားနှင့် မွန်တီနီဂရိုးပြည်ထောင်စုမှ မွန်တီနီဂရိုးနိုင်ငံခွဲထွက်ပြီး ပထမဆုံးကျင်းပသည့် ရွေးကောက်ပွဲဖြစ်သည်။

ဆားဘီးယားနိုင်ငံအတွင်းမှ ကိုဆိုဗိုခွဲထွက်ရေးကြိုးပမ်းနေသည့် အရေးကြီးချိန်တွင် ဆားဘီးယားသမ္မတရွေးပွဲကို ကျင်းပခြင်း ဖြစ်သည်။

သမ္မတရွေးကောက်ပွဲတွင်ပါဝင် ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်း ကိုးဦးရှိသည်။

ဝေဖန်ဆန်းစစ်

ရွေးကောက်ပွဲမှာ အနောက်အုပ်စု လိုလားသည့် လက်ရှိသမ္မတ ဘောရစ်တာဒစ်နှင့် အမျိုးသားရေးပါတီခေါင်းဆောင် တိုမီစလက်နီကိုလစ်တို့နှစ်ဦး အဓိကယှဉ်ပြိုင်ရမည့်ပွဲအဖြစ် ဝေဖန်ဆန်းစစ်သူများက ယူဆကြသည်။

ရွေးကောက်ပွဲမဲဆွယ်မှုတွင် ကိုဆိုဗိုအရေး၊ စီးပွားရေးကိစ္စနှင့် ဥရောပသမဂ္ဂတို့ ပိုမိုရင်းနှီးစွာဆက်ဆံရေးတို့မှာ သဘောထားမည်သို့ရှိမည်ကို ပြောကြားစရာ အကြောင်းအရာများ ဖြစ်သည်။

ဆန္ဒမဲ

သမ္မတဖြစ်ရန် ပြည်သူ့ဆန္ဒမဲ ၅၀ ရာခိုင်နှုန်းလိုသည်။ မရရှိလျှင် ရှေ့လတွင် ထပ်မံရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။ (အင်တာနက်)

ဘာနာဇီယာဘူတိုကို လုပ်ကြံရန်ကြံစည်မှု ကြံရာပါနှစ်ဦးကို အာဏာပိုင်များက ဖမ်းဆီး

ပက်ရှ်ဝါ(ပါကစ္စတန်) ဇန်နဝါရီ ၂၁

ပါကစ္စတန် အတိုက်အခံခေါင်းဆောင် ဘာနာဇီယာဘူတိုကို လုပ်ကြံသတ်ဖြတ်ခဲ့ရာ၌ ပါဝင်ပတ်သက်ခဲ့သည်ဟု သံသယရှိသူလူငယ်တစ်ဦးအား ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခဲ့

အသက် ၁၅ နှစ်အရွယ်ရှိ အဆိုပါလူငယ်နှင့် ဆက်စပ်မှုရှိသူ စစ်သွေးကြွတို့ကို နိုင်ငံ၏အနောက်မြောက်ပိုင်း ဒီရာအစ္စမေးလ်ခန်မြို့၌ ဇန်နဝါရီ ၁၇ ရက် ညပိုင်းက ဖမ်းဆီးခဲ့သည်။

သေဆုံးခဲ့

အီတီဇက်ရှက်ချ်ဆိုသူ အဆိုပါလူငယ်သည် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် အခြားအဖွဲ့က ဘူတိုကို လုပ်ကြံမှုမအောင်မြင်လျှင် ၎င်းအနေဖြင့် ထပ်မံလုပ်ကြံရန် အရန်အဖြစ်ထားရှိခဲ့ရကြောင်း၊ ထောက်လှမ်းရေးသမားများသို့ ပြောကြားခဲ့ကြောင်း ဇန်နဝါရီ ၁၉ ရက်တွင် ထောက်လှမ်းရေးအရာရှိက ပြောကြားခဲ့သည်။

တိုက်ခိုက်ခံရ

ဝန်ကြီးချုပ်ဟောင်း ဘူတိုသည် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က ရာဝါပင်ဒီမြို့တွင် မဲဆွယ်စည်းရုံးပြီးနောက် ပြန်ထွက်လာစဉ် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး ဗုံးခွဲတိုက်ခိုက်ခံရကာ သေဆုံးခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

22-1 (06) 1 1/22/08, 1:42 AM

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၁–၁–၂၀၀၈

ပြည်ပအလုပ်သမားဦးရေ မလေးရှားလျှော့ချမည်

မလေးရှားနိုင်ငံသည် လာမည့် ၂၀၀၉ ခုနှစ်၌ ပြည်ပ အလုပ်သမား ဦးရေကို နှစ်သိန်းအထိလျှော့ချသွားရန် စီစဉ်လျက်ရှိကြောင်း မလေးရှား အရာရှိများက ပြောကြားသည်။

ပြည်ပအလုပ်သမားများ ခေါ်ယူမှုဦးရေ လျှော့ချရန် ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိက စက်ရုံအလုပ်ရုံများကို အစည်းအဝေး တစ်ရပ်ခေါ်ယူပြီး ဆွေးနွေးပြီးဖြစ် ကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် တမီးလ်ကျား သူပုန်တို့တိုက်ပွဲဖြစ်ပွားရာ တမီးလ်ကျားသူပုန် ၄၁ဦးသေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့သည်။

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း တမီးလ်ကျားသူပုန်တို့ထိန်းချုပ်ထားသော ဗာဗျူနီယာနှင့် ပိုလွန်နာယူဝါပြည်နယ်များတွင် အစိုးရတပ်ဖွဲ့များက စစ်ဆင်ရေးများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

ဘူတန်၌ ဗုံးများပေါက်ကွဲ

ဘူတန်နိုင်ငံမြို့တော် တမ်ဟူ၌ ဗုံးလေးလုံး ဆက်တိုက် ပေါက်ကွဲမှု ဖြစ်ပွားရာ လူအများအပြားဒဏ်ရာရရှိ ခဲ့သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုများမှာ တမ်ဟူမြို့ရှိ ဟင်းသီးဟင်းရွက်ဈေး၊ စားသောက်ဆိုင်တစ်ဆိုင်နှင့် အစိုးရ တည်းခိုရိပ်သာတစ်ခု အနီးတို့တွင် ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနား၌ မူးယစ်ဆေးဝါးများဖမ်းမိ

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ် မြို့တွင် မူးယစ်ဆေးဝါး တစ်တန် တင်ဆောင်လာသော မော်တော်ယာဉ် တစ်စီးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက် သည်။

ယခုဖမ်းဆီးမိသော မူးယစ်ဆေးဝါး များ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂သန်းခန့်ရှိပြီး နှစ်အနည်းငယ်အတွင်း အာဂျင်တီးနား၌ မူးယစ်ဆေးဝါး ဖမ်းဆီးမှုပမာဏ အများဆုံးဖြစ်သည်။

ပြည်ပမှ တင်သွင်းသော တိရစ္ဆာန်အသားများ အိုမန်ပိတ်ပင်

အိန္ဒိယနှင့်အီရန်နိုင်ငံတို့မှတင်သွင်းသော တိရစ္ဆာန်အသားများကို အိုမန် နိုင်ငံက ပိတ်ပင်လိုက်ကြောင်း အိုမန်အရာရှိများက ပြောကြားသည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက် ထောင်ပေါင်းများစွာသေဆုံးခဲ့ခြင်းနှင့် အီရန်နိုင်ငံ၌လည်း ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုသတင်းများကြောင့် အိုမန်နိုင်ငံက အဆိုပါနှစ်နိုင်ငံမှ တိရစ္ဆာန် အသားတင်သွင်းမှုကို ပိတ်ပင်လိုက်ခြင်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများနှင့် တရုတ်က အက်ဖ်တီအေစာချုပ်ချုပ်ဆို

တရုတ်နိုင်ငံသည် လွတ်လပ်စွာကုန်သွယ်ရေးစာချုပ်(အက်ဖ်တီအေ)နှင့် ပတ်သက်၍ အခြားအိမ်နီးချင်းနိုင်ငံများနှင့်အတူ သဘောတူလက်မှတ်ရေးထိုး လိုက်ပြီဖြစ်ကြောင်း တရုတ်စီးပွားရေးလုပ်ငန်းဝန်ကြီးချန်ဒီမင်းက ပြောကြား သည်။

ချီလီ၊ ပါကစ္စတန်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အဖွဲ့ဝင်နိုင်ငံများနှင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်ချုပ်ဆိုလိုက် ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်၌ လုံခြုံရေးတိုးမြှင့်

ဖိလစ်ပိုင်နိုင်ငံတွင် အကြမ်းဖက်မှု များဖြစ်ပွားလာနိုင်သည့် သတင်းများ ကြောင့် လုံခြုံရေးအစီအစဉ်များတိုးမြှင့် ချထားကြောင်း ဖိလစ်ပိုင်အရာရှိများ က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ရဲတပ်ဖွဲ့ဝင်များတိုးမြှင့်ချထားကာ လုံခြုံ ရေးတင်းကျပ်မှုများပြုလုပ်လျက်ရှိသည်။

ဘဝဒဿနအမြင်

Happiness depends upon ourselves.

မိမိ၏ပျော်ရွှင်မှုကို မိမိသာလျှင် ဖန်တီးနိုင်သည်။

အရစ္စတိုတယ်လ် (အတွေးအခေါ်ပညာရှင်)

It is easy to be brave from a safe distance.

ပုဆိုးခြုံထဲက လက်သီးပုန်းပြ။

အီစွပ်ပုံပြင်

ဖီဂျီကျွန်းနိုင်ငံ

သတင်းအက်ဆေး

တိုး–ရေးသားသည်

မီးတောင်နှင့်သန္တာကျွန်း ၈၀၀ တို့ဖြင့် ဖွဲ့စည်း ထားသည့် ပစိဖိတ်ဒေသမှ အပူပိုင်းရာသီဥတုနှင့် ကမ္ဘာ လှည့်ခရီးသည်များ အထူးအာရုံပြုသည့်ကျွန်းနိုင်ငံမှာ ဖီဂျီ နိုင်ငံဖြစ်သည်။

ဖီဂျီနိုင်ငံကို ဝေဟင်မှ ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ပထမဆုံး

ဒတ်ချ်နယ်သစ်ပယ်သစ်ရှာဖွေသူ အေဘယ်တက် စမန်သည် ၁၆၄၃ခုနှစ်တွင် ဖီဂျီကျွန်းသို့ရောက်ရှိလာရာ ၎င်းသည် ပထမဆုံးဥရောပတိုက်သား ဖြစ်သည်။ ၁၈၃၀ ပြည့်လွန်နှစ်များတွင် အနောက်တိုင်း ခရစ်ယာန်သာသနာပြု များရောက်လာသည်။ ၁၈၇၄ခုနှစ်တွင် ဖီဂျီနိုင်ငံမှာ ဗြိတိသျှ ကိုလိုနီအောက် ရောက်ရှိသည်။

၁၈၇၉–၁၉၁၆ခုနှစ်များအတွင်းတွင် ကြံစိုက်ပျိုး ရေးအတွက် အိန္ဒိယနိုင်ငံမှ အလုပ်သမား ၆၀၀၀၀ကို စာချုပ်ဖြင့်ခေါ်ယူခဲ့သည်။

၁၉၇၀ပြည့်နှစ်တွင် ဖီဂျီနိုင်ငံမှာ ဗြိတိသျှအောက်မှ လွတ်လပ်ရေးရသည်။ ပထမဆုံးဝန်ကြီးချုပ်မှာ ရာတု ဆာကာမီ ဆက်မာရာ ဖြစ်သည်။ ၁၉၈၇ခုနှစ်တွင် ကာဗာဒရာဦးဆောင်သည့် အိန္ဒိယလူမျိုးများ အများအပြားပါသည့် ညွန့်ပေါင်းအစိုးရက ရွေးကောက်ပွဲ အနိုင်ရသောအခါ တိုင်းရင်းသားဖီဂျီလူမျိုး ဝန်ကြီးချုပ်မာရာ၏ ၁၇နှစ်ကြာအုပ်ချုပ်မှုမှာ အဆုံးသတ်သွားသည်။

သမ္မတနိုင်ငံ

၁၉၈၇ခုနှစ်မှာပင် ဖီဂျီနိုင်ငံရေးလောကတွင် ဖီဂျီတိုင်းရင်းသားများ လွှမ်းမိုးရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဒုတိယဗိုလ်မှူးကြီး ရာဘူကာက သွေးထွက်သံယိုမရှိ အာဏာသိမ်းလိုက်သည်။ နှစ်မကုန်မီ ဒုတိယအကြိမ် အာဏာသိမ်းလိုက်ပြီး ဖီဂျီသမ္မတနိုင်ငံဟု ကြေညာ လိုက်သည်။

ထို့ပြင် ဘုရင်ခံချုပ် ရာတုဆာဂါနီလောကို သမ္မတအဖြစ်ခန့်အပ်သည်။ သမ္မတဖြစ်လာသူ ဂါနီလောက ရာတုမာရာကို ဝန်ကြီးချုပ် ခန့်အပ်သည်။ ထိုအခါ ဖီဂျီနိုင်ငံကို ဓနသဟာယအဖွဲ့မှ ထုတ်ပယ်လိုက်သည်။

၁၉၈၉ ခုနှစ်တွင် ထောင်ပေါင်းများစွာသော အိန္ဒိယနွယ်ဖွားဖီဂျီနိုင်ငံသားများသည် ဖီဂျီနိုင်ငံကို စွန့်ခွာသွားကြသည်။ ၁၉၉၉ ခုနှစ်တွင် အိန္ဒိယနွယ်ဖွား မဟိန္ဒရာချောင်ဒရီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၀ ပြည့်နှစ် မေလတွင် စီးပွားရေးသမား ကျားစပိုက်နှင့် စစ်ထွက်အီလစ်ဆိုနီတို့က ပါလီမန်အဆောက်အအုံကို ဝင်စီးပြီး ဝန်ကြီးချုပ် ချောင်ဒရီနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ဓားစာခံအဖြစ် ဖမ်းလိုက်သည်။ သမ္မတမာရာက ဖီဂျီနိုင်ငံ အကြီးအကဲများကောင်စီ၏အမိန့်ဖြင့် ဝန်ကြီးချုပ်ချောင်ဒရီအား ရာထူးမှဖယ်ရှားလိုက်သည်။

စီးပွားရေး

ဖီဂျီနိုင်ငံ၌ ထိုသို့သောဖြစ်ရပ်များ မကြာခဏကြုံတွေ့ရမှုကြောင့် စီးပွားရေးအကြီးအကျယ်ထိခိုက်ခဲ့ရသည်။ ခရီးသွားလုပ်ငန်း အထိနာသည့်ပြင် နိုင်ငံတကာတွင် ဟိုးလေးတကျော်ဖြစ်ရသည်။

တစ်ဖန် ၂၀၀၆ခုနှစ်တွင် နှစ်ပေါင်း၂၀အတွင်း စတုတ္ထအကြိမ်အဖြစ် အာဏာသိမ်းမှုဖြစ်ပြန်သည်။

ဖီဂျီပြည်သူအများစုမှာ ဗီတီလေဗူကျွန်းနှင့် ဗာနူအာလေဗူကျွန်းကြီးနှစ်ကျွန်းတွင်နေထိုင်ကြပြီး တိုင်းရင်းသားဖီဂျီများနှင့် အိန္ဒိယ နွယ်ဖွား ဖီဂျီများအကြား အဓိကသဘောကွဲလွဲနေကြခြင်းဖြစ်သည်။ တရုတ်၊ ရိုတူမန်ကဲ့သို့သော လူနည်းစုလူမျိုးများလည်း နေထိုင်သည်။

နိုင်ငံခြားငွေရရှိရေး သကြားနှင့် ခရီးသွားလုပ်ငန်းအပေါ် အဓိကမှီခိုနေရသော်လည်း ရွှေ၊ ငွေ၊ ထုံးကျောက်တို့ကို တူးဖော် ရခဲ့သည်။ ထို့ပြင် ဝန်ဆောင်မှုကဏ္ဍမှာလည်း အားကောင်းသည်။

မည်သို့ပင်ဖြစ်စေ ဖီဂျီနိုင်ငံမှာကုန်သွယ်ရေးလိုငွေပြမှုနှင့် ဘတ်ဂျက်လိုငွေပြမှုများကြောင့် ကမ္ဘာပေါ်တွင် ဖီဂျီနိုင်ငံမှာ ထောက်ပံ့ကူညီမှု အများဆုံးရရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာ၅ရက်က ဖယ်ရှားခံရသည့် ဖီဂျီဝန်ကြီးချုပ်လိုင်ဆင်နီယာကာရာဆေးမှာ ဖီဂျီနိုင်ငံကို ကြမ္မာဆိုးအတွင်း တွန်းချသူဖြစ်၍ သူ့ဇာတိကျွန်းသို့ မြို့တော်ဆူဗာမှ နယ်နှင်ထုတ်လိုက်ရသည်ဟု ယာယီဝန်ကြီးချုပ် ဘိုင်နီမာရာမာက ပြောကြားသည်။ ရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည်ဟုလည်း ကြားဖြတ်အစိုးရက ကြေညာထားသည်။

ဦးတည်

ယခုအခါ ပိုမိုကောင်းမွန်သည့် ဖီဂျီတည်ဆောက်ရေးအမျိုးသားကောင်စီကို ဖွဲ့စည်းထားသည်။ ဤကောင်စီက ပြည်သူ့ချာတာခေါ် ပြည်သူတို့၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များဆိုင်ရာ စာတမ်းကိုရေးဆွဲမည်။ ပြည်သူ့ချာတာက လူမျိုးရေးပြဿနာကင်းသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ရန် ဦးတည်ချမှတ်မည်ဖြစ်သည်။

ဖီဂျီနိုင်ငံသည် ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် အခြေခံပြဿနာများကို ကိုင်တွယ်ဖြေရှင်းမည်ဟု ကြွေးကြော်ထားသည်။ ။

ကိုးကား–အင်တာနက်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



- **အိန္ဒိယနိုင်ငံအနောက်ပိုင်း မွန်ဘိုင်းမြို့၌ ဇန်နဝါရီ၂၀ ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီး လျှိုမြောင်တစ်ခုအတွင်း ထိုးကျသွားခဲ့ရာ ၃၈ဦး ပွဲချင်းပြီးသေဆုံး ခဲ့သည်။**
- အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မိုလ်လူကတ်စ်ကျွန်းကမ်းလွန်၌ ဇန်နဝါရီ၂၀ ရက်က အင်အား ရစ်ချ်တာစကေး ၆ရှိသော အင်အားပြင်းငလျင်လှုပ်ခဲ့ရာ မိုလ်လူကတ်စ် ကျွန်းရှိ အဆောက်အအုံအချို့ ပျက်စီးခဲ့သည်။
- **တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်၌ ဇန်နဝါရီ ၂၀ရက်က ဆီးနှင်းများ ထူထပ်စွာ ကျရောက်ခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထုသုံးပေအထိ ရှိခဲ့သည်။**
- အီတလီနိုင်ငံ မီလန်မြို့မှ ဇန်နဝါရီ ၂၀ ရက်က ပျံသန်းလာသော ခရီးသည်တင် လေယာဉ်တစ်စင်းပေါ်၌ မိုဘိုင်းလ်ဖုန်း အသုံးမပြုရန်တားမြစ်မှုကို မလိုက်နာသဖြင့် လေယာဉ်လုံခြုံရေးဝန်ထမ်းများက ခရီးသည်သုံးဦးကို ထိန်းသိမ်းခဲ့သည်။

- ကနေဒါနိုင်ငံ အော့တာဝါမြို့အနီးတွင် ဇန်နဝါရီ ၂၁ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေးဦးသေဆုံးခဲ့သည်။ **(အပေါ်ပုံ)**
- **ကာဇက်စတန်နိုင်ငံ အယ်မာတီမြို့၌ ဇန်နဝါရီ ၂၁ ရက်က တံတားတစ်စင်းပေါ် ဖြတ်မောင်းနေသော ကားတစ်စီးထိုးကျခဲ့မှုကြောင့် ကိုးဦးပွဲချင်းပြီး သေဆုံးသွား သည်။**
- အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျားဗားပြည်နယ်တွင် ဇန်နဝါရီ ၂၁ရက်က ရေနံတွင်းတစ်တွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးခဲ့သည်။
- **စပိန်နိုင်ငံ မက်ဒရစ်မြို့အနောက်ပိုင်းဒေသများ၌ ဇန်နဝါရီ ၂၀ရက်က အပူချိန်ရေခဲ မှတ်အောက် ကျဆင်းကာ အအေးလှိုင်းကျရောက်ခဲ့သဖြင့် ခြောက်ဦးသေဆုံးခဲ့သည်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆင်မင်းဘိလပ်မြေစက်ရုံတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်ရုံ အလုပ်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးကြိုးပမ်း စက်စွမ်းအားရှိသမျှ ထုတ်ကုန်ပစ္စည်းများ အပြည့်အဝထုတ်လုပ်

* **ရွှေဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်ရုံရှိ ထုတ်ကုန်ပစ္စည်းပြခန်း၌ ပြသထားသော စက်ရုံမှထုတ်လုပ်သည့် စတီးလ်မတ်ခွက်၊ စတီးလ်ထမင်းချိုင့်များ၊ စတီးလ်ခက်ရင်းနှင့် ဇွန်းများ၊ စတီးလ်ဒယ်အိုးများ၊ စတီးလ်ဇလုံများ၊ စတီးလ်ထမင်းအုပ်များ၊ စတီးလ်အဖုံးပါပေါင်းအိုးနှင့် စတီးလ်ပစ္စည်းအမျိုးမျိုးနှင့် ကြွေရည်သုတ်မတ်ခွက်၊ ဇလုံ၊ ပန်းကန်နှင့် ထမင်းချိုင့်များကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စတီးလ်ပုံဖော် ပုံလောင်းဌာန၊ ကြွေသီးပုံဌာန၊ ပန်းမှုတ်ပန်းကပ်ဌာန၊ ကြေးချွတ်ဌာန၊ စတီးလ်အနားကွပ်ဌာန၊ ကြွေကြိတ်ဌာန၊ ထုပ်ပိုးဌာနနှင့် စတီးလ်အရောင်တင်ဌာနများ၌ စတီးလ်ပစ္စည်းများနှင့် ကြွေရည်သုတ်ပစ္စည်းများ ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

တိုးမြှင့်ထုတ်လုပ်

အဆိုပါစက်ရုံမှ တစ်နှစ်လျှင် ကြွေရည်စိမ်ပစ္စည်း တန် ၇၅၀၊ စတီးလ်အိမ်သုံးနှင့် ဆေးရုံသုံး စတီးလ်ပစ္စည်း တန် ၅၀၀ ထုတ်လုပ်ရန် စက်များတပ်ဆင်ထားသည်။ စက်ရုံမှ ပုံမှန်ထုတ်လုပ်သည့် စတီးလ်အိမ်သုံးပစ္စည်းများနှင့် ဆေးရုံသုံး စတီးလ်ပစ္စည်းများအပြင် လက်ဆေးကန်၊ မျက်နှာသစ်ကန်နှင့် စတီးလ်ပေါင်းအိုးအမျိုးမျိုးတို့ကိုလည်း တိုးချဲ့ထုတ်လုပ်သွားမည်ဖြစ်ပြီး စတီးလ်ဓာတ်ဘူး၊ အအေးဘူးနှင့် စတီးလ်ပိုက်လုံး၊ လေးထောင့်စတီးလ်ပိုက်လုံးများနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ထပ်မံတိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း) ကျောက်ဆည်သို့ရောက်ရှိကြပြီး ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ခင်းကျင်းပြသထားသော စက်ရုံမှထုတ်လုပ်သည့် အင်ဂျင်များနှင့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စက်ရုံနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်ရုံ၏ ထုတ်လုပ်နိုင်မည့်စွမ်းအား၊ ဝန်ထမ်းအင်အား၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်မှုအခြေအနေ၊ စက်မှုလယ်ယာကူးပြောင်းရေးအတွက် လက်တွန်းထွန်စက်လိုအပ်ချက်နှင့် တောင်သူများလက်ဝယ်ပိုင်ဆိုင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအတွင်း၌ အင်ဂျင်နှင့် ဂီယာအိမ်အစိတ်အပိုင်းများ စက်စားခြင်း၊ အင်ဂျင်တပ်ဆင်ခြင်း၊ အင်ဂျင်စမ်းသပ်ခြင်းနှင့် ဆေးသုတ်ခြင်း၊ ဂီယာနှင့် ရှပ်အမျိုးမျိုး စက်စားခြင်း၊ ဒိုင်ပုံစံများ ဆူးသွားဆောက်သွားများပြုပြင်ခြင်း၊ စက်ကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သံထည်ပစ္စည်း၏ အမာသတ္တိပြုပြင်ခြင်း၊ သံရည်ကျိုသဲများပြုပြင်ခြင်း၊ သဲပုံစံများ၊ သဲအူဆန်များပြုလုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးမီးဖိုဖြင့် သံရည်ကျိုခြင်း၊ ပုံလောင်းခြင်း၊ စက်ရုံမှထုတ်လုပ်သည့် စပါးရိတ်သိမ်း ခြွေလှေ့စက်နှင့် ကြက်ဆူဆီမှ ချောဆီ (Bio Lubricant) ထုတ်လုပ်ထားသည့် ဟိုက်ဒရောလစ်ဆီ၊ ဂီယာဝိုင်၊ အင်ဂျင်ဝိုင်နှင့် Cutting Oil တို့ကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါစက်ရုံမှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဒီဇင်ဘာလကုန်အထိ လယ်ယာ (၁၆နှင့် ၂၂)ထွန်စက် ၂၃၀၇စီး၊ ဒီဇယ်အင်ဂျင်(မြင်းကောင်ရေ ၁၆မှ ၂၂) ၂၃၀၇လုံး၊ စပါးရိတ်စက် ၄၅စီး၊ ခါးစက်ထွန် ၂၃၀၇ခု၊ နှစ်သွားလင်ပန်းထယ် ၅၀၁ခု၊ သုံးသွားထယ်လည် (ပါဝါထယ်) အခု၅၀၀၊ သယ်ပို့ယာဉ် (Farm Truck)ငါးစီးနှင့် ရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) သုံးစီးတို့ကို ထုတ်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

ဆင်မင်းဘိလပ်မြေစက်ရုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဆင်မင်း ဘိလပ်မြေစက်ရုံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး စက်ရုံရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ရရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်)မှ စက်ရုံမှူး ဦးမျိုးဝင်းက ပလတ်စတစ်ရက်ထည်အိတ် ထုတ်လုပ်ရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကုန်ထုတ်လုပ်မှုရှင်းလင်း

ဆက်လက်၍ ဆင်မင်းဘိလပ်မြေစက်ရုံမှ စက်ရုံမှူးကြီး ဦးစိုးတင်က ဆင်မင်း(၁) ဘိလပ်မြေစက်ရုံနှင့် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံတို့၏ ကုန်ထုတ်လုပ်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖန်တီးဖော်ဆောင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး အမှာစကားပြောကြားရာတွင် နိုင်ငံ တစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အလွန်အရေးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍအပိုင်းရော ပုဂ္ဂလိက စက်မှုကဏ္ဍအပိုင်းများပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများဖြင့် တိုက်တွန်း အားပေးလျက်ရှိနေကြောင်း၊ ကျောက်ဆည်စက်မှုနယ်မြေအတွင်း တည်ဆောက်ထားသည့် စက်ရုံထွက်ကုန်များသည် နိုင်ငံတော်၏ တည်ဆောက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပြည်သူများ၏ ကျန်းမာရေး၊ စားဝတ်နေရေး စသည့် လိုအပ်ချက်များကို အတိုင်းအတာများစွာ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့အပြင် နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း။

ကြပ်မတ်ဆောင်ရွက်

နိုင်ငံတော်အကြီးအကဲက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံ အလုပ်ရုံ ထွက်ကုန်ပစ္စည်းများ စနစ်တကျဖြင့် အရေအတွက်ရော၊ အရည်အချင်းပါ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာစေရန် အခါမလပ် လမ်းညွှန်မှုများ ချမှတ်ပေးလျက်ရှိကြောင်း၊ စက်ရုံအလုပ်ရုံများ စက်စွမ်းအားပြည့်လည်ပတ်ရေး၊ စက်စွမ်းအားရှိသမျှ ထုတ်ကုန်ပစ္စည်းများ အပြည့်အဝထုတ်လုပ်ရေး၊ စက်ရုံများအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း၌ပင်ရရှိအောင် စီမံဆောင်ရွက်ရေး၊ ကုန်ထုတ်လုပ်မှု စရိတ်သက်သာလျော့ကျစေရေး၊ ဝင်ငွေနှင့် သုံးငွေ အချိုးမျှတရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရာတွင်လည်းကောင်း၊ ဈေးကွက်တင်ပို့ရောင်းချရာတွင်လည်းကောင်း အလေအလွင့်မရှိအောင်၊ မသမာမှုများ မရှိအောင် ကြီးကြပ်ဆောင်ရွက်ရေး၊ ထွက်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်မှု၊ မီးဘေး၊ ရေဘေး၊ လေဘေး စသည့် သဘာဝအန္တရာယ်များအတွက် ကြိုတင်ကာကွယ်စီမံဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စက်ရုံအလုပ်ရုံတာဝန်ခံများ၊ ဌာနတာဝန်ခံများအနေဖြင့် မိမိတို့စက်ရုံအတွင်း အခါမလပ် စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြရေး စသည့် ရေရှည်၊ ရေတို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှာကြားထားကြောင်း။

တီထွင်ကြံဆ

ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့စက်ရုံ ထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ကုန်ကျစရိတ် လျော့နည်းကျဆင်းရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်လိုအပ်ချက်များ သုံးစွဲသူများ အကြိုက်ရှိစေရန်နှင့် လိုအပ်ချက်များအတိုင်းနှင့် အံဝင်ခွင်ကျထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေးတို့အတွက် သမားရိုးကျ ထုတ်လုပ်နေခြင်းမျိုးမဟုတ်ဘဲ အမြဲမပြတ် တီထွင်ကြံဆပြီး မိမိစက်ရုံ ပိုမိုတိုးတက်သည်ထက် တိုးတက်မှုရှိအောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်တော်ယာဉ်ဖြင့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း တစ်နေ့ တန် ၅၀၀ ကျ ဘိလပ်မြေစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း စက်ဘီးစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ချိန်းကြိုးဌာန၊ ဖရိမ်ဘီးလ်ဌာန၊ ခြေနင်းဌာနနှင့် ပဒေါင်းဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)သို့ ရောက်ရှိပြီး စက်ရုံအတွင်းရှိ အပ်ချုပ်စက်အစိတ်အပိုင်းများထုတ်လုပ်မှု၊ ပုံထောင်းနှင့် ပုံလောင်းဆောင်ရွက်နေမှု၊ စက်ပစ္စည်းများတပ်ဆင်နေမှုနှင့် ကြက်ဆူဆီမီးဖိုစမ်းသပ်တီထွင်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖြန့်ဖြူးရောင်းချ

ယခုအခါ ကျောက်ဆည် စက်မှုနယ်မြေတွင် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)၊ ဘိလပ်မြေစက်ရုံ သုံးရုံ၊ ပလတ်စတစ်စက်ရုံ နှစ်ရုံ၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးစက်ရုံ(မင်းစု)၊ အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)၊ သကြားလုံးစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ မီးခံအုတ်စက်ရုံနှင့် စက်ဘီးစက်ရုံတို့က စက်ရုံထွက်ကုန်ပစ္စည်းများကို တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ပြာသိုလပြည့်နေ့ (ဥပုသ်နေ့)
၂၂-၁-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၆။	ကဗျာပန်းဥယျာဉ်
၈း၀၅	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	နှောင်းခေတ်တေးပဒေသာ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၀	၆။	ဆိုကြမယ် ပျော်ကြမယ်
၁၇း၅၀	၇။	တိပိဋက သာသနာ့အာဇာနည် ပေါ်ထွန်းစေဖို့ရည်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၁၅	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (အပိုင်း-၁၇)
၂၀း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စေတမန်** (အပိုင်း-၁၉)
	၁၆။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

မြန်အောင်မြို့ နေခြည်ဈေး လိုင်းခွဲအော်တိုအိတ်ချိန်းဖွင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ၁၄ ရက် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် မယ်ဇလီကုန်းကျေးရွာအနီးရှိ ကညင်ချောင်းမြစ်ကမ်းပါးထိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောအောင်လွင်နှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် အဆိုပါလမ်းပိုင်းမိုင်တိုင် အမှတ် ၃၅/၆ တွင် အရှည် ၂၃၇ ပေရှိ တံတားအမှတ် ၄/၃၆ ကညင်ချောင်းတံတား၏ ကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တံတားအသစ်တည်ဆောက်ရန် လိုအပ်သော ယာယီယာဉ်သွားလမ်း ပြုလုပ်ထားရှိရေးတို့ကို တာဝန်ရှိသူတို့ အားမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး နှင့်အတူ မြန်အောင်မြို့၊ ကညင်ငူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် မြန်အောင်မြို့ နေခြည်ဈေး လိုင်းခွဲအော်တိုအိတ်ချိန်းဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်

ထို့နောက် မြန်အောင်မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အော်တို တယ်လီဖုန်းအိတ်ချိန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အော်တို တယ်လီဖုန်း အိတ်ချိန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ တယ်လီဖုန်း အိတ်ချိန်းကို ကြည့်ရှုစစ်ဆေး၍ တယ်လီဖုန်း ဆက်သွယ်မှု စတင်ခေါ်ယူကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တာဝန်ယူတပ်ဆင်

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ကြီးကြပ်၍ Fisca Enterprises ၏ သွင်းကုန်အစားထိုး ပြည်တွင်းမှ ထုတ်လုပ်သော KY-120 DH Exchange စက်ခလုတ်ခုံ တပ်ဆင်ထားသည့် နေခြည် ကိုယ့်အားကိုယ်ကိုး တယ်လီဖုန်းအိတ်ချိန်းတွင် C/O လိုင်း ၁၀ လိုင်းကို အခြေခံလျက် အတွင်းလိုင်းခွဲ ၁၀၀ ကျော်ကို ကောင်းသင့်ဝေဆက်သွယ်ရေး ဝန်ဆောင်မှုကုမ္ပဏီမှ တာဝန်ယူ တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

တွေ့ဆုံ

ညပိုင်းတွင် တိုင်းမှူးသည် မြန်အောင်မြို့နယ် နယ်မြေခံတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ မြန်အောင်မြို့ နေခြည်ဈေး လိုင်းခွဲအော်တိုအိတ်ချိန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ Lieutenant General, Panumat Sivara ဦးဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၁

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ Lieutenant General, Panumat Sivara ဦးဆောင်သည့် အဖွဲ့ဝင် ၃၉ ဦး ပါဝင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansarn Bunnag၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Colonel, Ekachai HARNPOONVITTAYA နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ထိုင်းဘုရင့်တပ်မတော် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါ၍ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လောက ချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ Lieutenant General, Panumat Sivara သည် လောကချမ်းသာ အဘယလာဘ မုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ အဖွဲ့ဝင်များနှင့် အတူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဗိုလ်တထောင်စေတီ

ထိုမှတစ်ဆင့် ထိုင်းဘုရင့် တပ်မတော် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှလေ့လာရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဗိုလ်တထောင် မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်သို့ သွားရောက် ဖူးမြော်ကြရာ တာဝန်ခံ အလှည့်ကျ ဂေါပကအဖွဲ့ဝင်များက ဆံတော်မြတ် ရတနာသမိုင်းနှင့် စေတီတော်သမိုင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် Lieutenant General, Panumat Sivara က ဗိုလ်တထောင်ကျိုက် ဒေးအပ် ဆံတော်ဦးစေတီတော်ကြီး အတွက် အလှူတော်ငွေ ပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး အမှတ်တရလက်ဆောင် ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်စစ် ရတနာနှင့် သရီရဓာတ်တော်စစ် ရတနာ ပုံတော်ကို ပြန်လည်ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဧည့်သည်တော် Lieutenant General, Panumat Sivara သည် စေတီတော် ဧည့်သည် တော် မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုး၍ အဖွဲ့ဝင်များနှင့်အတူ ဆံတော် တိုက်အတွင်းရှိ ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်မြတ် ရတနာအား ဖူးမြော် ကြည်ညိုကာ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော် ကြည်ညိုကြသည်။

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်

ထိုမှတစ်ဆင့် လေ့လာရေးကိုယ် စားလှယ်အဖွဲ့ဝင်များသည် တာဝန်ရှိ သူများလိုက်ပါ၍ မွန်းလွဲ ၂နာရီ ၄၅မိနစ် တွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ရောက်ရှိကြပြီး ခန်းမဆောင်၌ နိုင်ငံ တော်ကာကွယ်ရေးတက္ကသိုလ် ကျောင်း အုပ်ကြီး ဗိုလ်ချုပ်မြဝင်းက ကြိုဆိုနှုတ် ခွန်းဆက်စကားပြောကြားကာ နိုင်ငံ တော်ကာကွယ်ရေး တက္ကသိုလ်၏ သမိုင်းကြောင်းနှင့်လုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် လေ့လာရေးကိုယ် စားလှယ်အဖွဲ့ဝင်များအား နိုင်ငံခြား ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီး ဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွား ရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ဌာန အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေ အနေများကို အသီးသီးရှင်းလင်း ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်ကာကွယ် ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်းနှင့် ဧည့်သည်တော် Lieutenant General, Panumat Sivara တို့သည် အမှတ်တရလက် ဆောင်များကို အပြန်အလှန်ပေးအပ် ကြသည်။

အမှတ်တရလက်ဆောင်ပေး

ထို့နောက် ဧည့်သည်တော် Lieutenant General, Panumat Sivara က လုပ်ငန်းဆောင်ရွက်မှုအခြေအနေ များကို ရှင်းလင်းပြောကြားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန တို့မှ တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

လက်မှတ်ရေးထိုး

ယင်းနောက်လေ့လာရေးကိုယ်စား လှယ်အဖွဲ့ဝင်များသည် နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်အတွင်းရှိ စာကြည့်တိုက်နှင့် ပြခန်းတို့ကို လှည့် လည်ကြည့်ရှုလေ့လာကြပြီး ဧည့်သည် တော် Lieutenant General, Panumat Sivara သည် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဧည့်သည် တော်မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးသည်။

ထိုမှတစ်ဆင့် လေ့လာရေးကိုယ် စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက် ရှိကြပြီး ဧည့်ခံတန်ဆောင်း၌ ဗုဒ္ဓ ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ဆက်ကပ် လှူဒါန်းပူဇော်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဧည့်သည်တော် Lieutenant General, Panumat Sivara သည် ရွှေတိဂုံစေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ ရွှေတိဂုံစေတီတော် မြတ်ကြီးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် တစ်ဦးက လက်ခံယူပြီး အမှတ်တရ လက်ဆောင် ရွှေတိဂုံစေတီတော်ပုံတူကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ဝင်များ သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး သာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တတိယအကြိမ်မြောက် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဖိတ်ခေါ်အလွတ်တန်း (W)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၈နာရီက ဗိုလ်စိန်မှန်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ်က ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်းစုံမှ အသင်း ၄၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ဖေဖော်ဝါရီ၁၂ ရက်(ပြည်ထောင်စုနေ့)အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရွှေရောင်မြင် သာသနာ့ရိပ်သာ ၁၀ ရက် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၁

ဇောင်းတော်ချုပ်ဆရာတော် ဘဒ္ဒန္တနန္ဒအား (၂၃)နှစ်မြောက် ပူဇော်ပွဲနှင့် မဟာစည် ဝိပဿနာ ၁၀ ရက် တရားစခန်းကို ဖေဖော်ဝါရီ၈ရက်မှ ၁၇ရက် အထိ ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ ရွှေရောင်မြင် သာသနာ့ ရိပ်သာတွင် ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဦးခင်မောင်ဝင်း ဖုန်း-၀၉၅-၀၀၄၅၂၅၊ ဦးတင်အေး ဖုန်း-၀၉၅-၀၀၃၇၈၂ နှင့် ဦးဝေလွင် ဖုန်း-၀၉၅-၁၃၂၇၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒိုင်နာ(ကင်တာ)နှင့်ဟီးနိုး(အမြန်ယာဉ်)ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၊ ခရီးသည်များ ဒဏ်ရာရရှိ

ရွှေတောင် ဇန်နဝါရီ ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ရဲစခန်းတောင်ဘက် ဝါးတောကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ ပြည်- ရန်ကုန်လမ်း မိုင်တိုင် အမှတ် (၆/၁၆၅)အနီးတွင် ဇန်နဝါရီ ၁၆ ရက် ညနေ ၇ နာရီမိနစ် ၂၀က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဒဏ်ရာရ

ဖြစ်ပွားပုံမှာ ပြည်မြို့မှ ရန်ကုန်ဘက်သို့ ဖိုးဖြူ မောင်းနှင်လာသော ၂ခ/၃၈၄၅ ဒိုင်နာ(ကင်တာ) အဖြူရောင်နှင့် ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ရဲနိုင် မောင်းနှင်လာသော ၈/၁၃၉၁ ထိပ်တန်း ဟီးနိုးအမြန်ယာဉ်နှင့် မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်နှစ်စီးလုံး တိမ်းမှောက်ခဲ့ပြီး ထိပ်တန်း ဟီးနိုးအမြန်ယာဉ်ပေါ်တွင် လိုက်ပါလာသောခရီးသည် ဦးတင်နွယ်၊ ဦးညိုကြီး၊ ဦးရဲနိုင်၊ ဦးလှမိုး၊ ဦးအေးသောင်း၊ ဦးမျိုးဆန်း၊ မဥမ္မာ၊ ဒေါ်ငွေကြည်၊ ဒေါ်လှအုန်း၊ မသန်းဝင်း၊ မခင်နှင်းဝေ၊ ဒေါ်သေးသေး၊ ဒေါ်ခင်အေး၊ ဒေါ်လှလှဝင်း၊ ဒေါ်အေးသန်း၊ ဦးအောင်မြင့်စိုး၊ ဦးရဲဝင်း၊ ဦးလွင်မိုး၊ မောင်ဖြိုးကို၊ ဦးကောသလ္လ၊ ဒေါ်လှလှစိန်၊ ဦးတင်ဝင်း၊ ဦးပိုင်စိုးဦး၊ ဦးမောင်ထွေး၊ ကိုကျော်သန်း၊ ကိုလှလှလေး၊ ဦးကျော်လှိုင်၊ မအေးအေးနွဲ့၊ ဒေါ်သိန်းထွေး၊ မဝင်းဝင်းစန္ဒာ၊ မသီတာ၊ ဦးကျော်ညွှန့်၊ မခင်သန္တာဝင်း၊ မကြည်လင်အောင်၊ မတူး၊ မခင်ငြိမ်း၊ မရွှေစင်၊ မဝေဝေခိုင်၊ မစိန်မြင့်၊ မကျင်သိန်း၊ သန်းဇော်ဦး၊ မဝင်းဝင်းအေးတို့ ဒဏ်ရာအသီးသီး ရရှိကြပြီး ၂ခ/၃၈၄၅ ဒိုင်နာ(ကင်တာ) ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဇော်မင်းထွန်းတို့ ဒဏ်ရာရ၍ ရွှေတောင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့လိုက်ရသည်။

အရေးယူ

အမှုကို ယာဉ်မဆင်မခြင်မောင်းနှင်၍ ဒဏ်ရာအသီးသီးရရှိအောင် ပြုမူဆောင်ရွက်သူယာဉ်မောင်း ဦးရဲနိုင်(၄၃) နှစ်(ဘ)ဦးလှရွှေ အမှတ် ၂၅၃ ရန်မျိုးလုံ (၉)လမ်း မကွေးမြို့နေသူနှင့် ဖိုးဖြူ (၃၇)နှစ် (ဘ)ဦးစိုးတင့် နတ်ပုတီးရွာ ကြူတောကန်အုပ်စု ပေါင်းတည်မြို့ နေသူတို့အား ရွှေတောင်ရဲစခန်းမှ (ပ) ၁၁/၀၈ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ အရ တရားလို တာဝန်မှူး ဒုတိယရဲအုပ် ကြည်လွင်က အမှုဖွင့်ကာ အမှုစစ် စခန်းမှူး ရဲအုပ်ခင်ညိုက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဝ၅၈)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	**'သီလနှင့်ပညာ'** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ)
၇း၄၅ - ၁း၄၅	တေးဂီတအစီအစဉ်
၇း၅၀ - ၁း၅၀	သူတော်ကောင်းကြီးများ၏ ဝိပဿနာကျင့်စဉ်တရားတော် [ဒေါက်တာချစ်ငယ် (ဒဿန) Ph.D]
၈း၀၅ - ၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀ - ၂း၁၀	Sunday Talk
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	အနှိုင်းမဲ့ပီတိလှိုင်တဲ့ပွဲ
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ **"မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ"**
၉း၅၅ - ၃း၅၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	မြတ်နိဗ္ဗာန်သို့ရည်မှန်း ဓမ္မဇောတိရိပ်သာစခန်း
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅ - ၄း၅၅	Biz Net
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	သီးနှံစိုက်ပျိုးအထွက်တိုး **"ဆောင်းရာသီ ပဲတီစိမ်း ပန်းတိုင်"**
၁၁း၂၅ - ၅း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	Yangon Panorama (Yangon Media Group တတိယနှစ်ပတ်လည် ညစာစားပွဲ)
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (မြင်းမိုရ်ထက်ကလူ ဗီဒီယိုဇာတ်ကားရိုက်ကွင်းအမှတ်တရ)
၁၂း၄၀ - ၆း၄၀	Music Gallery [CITY FM (၅)နှစ်ပြည့် အချစ်များ လက်ဆောင်]
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cap of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Egypt-Cameron	Euro Sport (Live)
၂း၀၀	Sudan-Zambia	Euro Sport (Live)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီနည်းပညာသစ်များ အချိန်နှင့်တစ်ပြေးညီရယူ အနာဂတ်မျှော်မှန်းချက်များ အကောင်အထည်ပေါ်လာရေး တာဝန်ကျေပွန်စွာထမ်းရွက် ဖြစ်ထွန်းနေသည့် အခြေခံကောင်းများ အစွမ်းကုန်ဖွံ့ဖြိုးစေရန် ပညာရေးဖြင့် ထောက်ကူပေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၆၄) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၁

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမဓမ္မကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတကာမျက်နှာစာတွင် သိပ္ပံနှင့် နည်းပညာရပ်များ၏ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲမှုများကြောင့် စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည့် နယ်ပယ်ကဏ္ဍစုံသည် ပညာရေးက လွှမ်းမိုး ဦးဆောင်ပြောင်းလဲနေသည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ ထို့အပြင် နည်းပညာကွာခြားမှုများ ပိုမိုကျယ်ပြန့်နက်ရှိုင်းလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများအကြား ရှိရင်းစွဲခနအင်အား အဆင့်အတန်းမညီမျှမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုများကို ပိုမိုကြီးမားစေလျက်ရှိသည့်အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း တစ်ဖက်စောင်းနင်း ဆက်ဆံရေးများကို ဖန်တီးဖြစ်ပေါ်စေလျက်ရှိနေကြောင်း။

ဖန်တီးဖော်ဆောင်

ထိုကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက်ရော နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးနိုင်မည့် ပညာရေးအခြေခံကောင်းများ တည်ဆောက်ထားနိုင်ရန် အရေးတကြီးလိုအပ်လျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်မီနည်းပညာသစ်များ အချိန်နှင့်တစ်ပြေးညီရယူနိုင်ရန် လိုအပ်သကဲ့သို့ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကာကွယ် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အသိပညာ၊ စိတ်ဓာတ်နှင့် အရည်အသွေးတို့ကို ပညာရေးကဏ္ဍက ပျိုးထောင်ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိကြောင်း။

ကြိုးပမ်းတည်ဆောက်

ယင်းရည်မှန်းချက်များနှင့် အညီ နိုင်ငံတော်အစိုးရအနေနှင့် ပညာရပ်ဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေး တိုးပွားဖြစ်ထွန်းရေးတို့ကို အထောက်အကူဖြစ်စေမည့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးထွန်းကားနေစေရေးသာမက တစ်ချိန်တည်းမှာပင် အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာကောင်းများ၊ မြန်မာ့လူမှုရေးတန်ဖိုးများကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ်ကို ကြိုးပမ်းတည်ဆောက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

မြင့်မားခိုင်ကျည်

မျိုးဆက်သစ် လူငယ်များက အစပြုပြီး ပြည်သူတစ်ရပ်လုံးသည် ပညာရည်မြင့်မားမှု အရည်အသွေးကောင်းများနှင့် ပြည့်ဝလာသည့်အခါ အမျိုးသား စည်းလုံးညီညွတ်မှု၊ လူမှုရေးညီမျှမှု၊ သဟဇာတဖြစ်မှု၊ တရားမျှတမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ စီမံအုပ်ချုပ်ပုံစနစ် ကောင်းမွန်မှု၊ လူနေမှုဘဝအဆင့်အတန်း မြင့်မားမှု၊ မြန်မာ့လူမှုတန်ဖိုးနှင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်မှု စသည့် နိုင်ငံတော်သစ်၏ ဂုဏ်အင်္ဂါနှင့် တန်ဖိုးများသည်လည်း တစ်ပါတည်းဖြစ်ထွန်းလာမည် အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းနှင့် လုပ်ငန်းစဉ်များ ရည်မှန်းချက်နှင့်အညီ အောင်မြင် အကောင်အထည်ပေါ်လာရေးသည် နိုင်ငံတော်သစ်ကြီးနှင့် တကွ နိုင်ငံတော်သစ်ကြီးနှင့် ထိုက်တန်သည့် လူမှုအရည်အသွေး လူမှုတန်ဖိုးများ ခိုင်ခိုင်မာမာ ပေါ်ထွန်းလာရေး အပြင် ပေါ်ထွန်းလာသည့် နိုင်ငံတော်သစ်ကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးတို့နှင့်ပါ တစ်ဆက်တစ်စပ်တည်းဖြစ်သည်ဟူသော ခံယူချက်ဖြင့် မိမိတို့၏ ပညာရေးကဏ္ဍ လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် တက်တက်ကြွကြွ ထမ်းဆောင်ပေးကြပါဟု ပြောကြားလိုကြောင်း။

မျှော်မှန်းချက်

ကျောင်းသား ကျောင်းသူ လူငယ်များနှင့် မိဘများ၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ လက်တွေ့အကောင်အထည်ပေါ်လာစေရေးနှင့် နိုင်ငံတော်၏ လူငယ်များအပေါ် ထားရှိသည့် မျှော်မှန်းချက်များ ပြည့်မီစေရေးတို့သည် ဆရာ ဆရာမများ၏ ပညာသင်ကြားသွန်သင်ဆုံးမ ပြုစုပျိုးထောင်ပေးနိုင်မှု စွမ်းအားနှင့် စိတ်ဓာတ်အပေါ် လုံးဝတည်မှီလျက်ရှိကြောင်း။

ဆရာကောင်းမှ တပည့်ကောင်းမည်၊ တပည့်ကောင်းမှ ပညာရေးအခြေခံများမြင့်မားမည်၊ ပညာရေးမြင့်မားမှ နိုင်ငံ၏ အနာဂတ်မျှော်မှန်းချက်များ ပြည့်ပြည့်ဝဝ အကောင်အထည်ပေါ် ဖြစ်ထွန်းလာမည်ဆိုသည့် ကျိုးကြောင်းဆက်နွှယ်မှု သဘောတရားသိမြင်ပြီး သိမ်မွေ့နက်ရှိုင်းပြီး ကြီးလေးမြင့်မြတ်လှသည့် ပညာရေးလုပ်ငန်းတာဝန်များကို တက်တက်ကြွကြွ ကျေကျေပွန်ပွန် ထမ်းရွက်ပေးကြပါဟု ဆရာဆရာမများကိုမှာကြားလိုကြောင်း။

ဆက်စပ်မြှင့်တင်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ နိုင်ငံတော်တွင် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု အခြေခံကောင်းများကို ပညာရေးကဏ္ဍဖြင့် ဆက်စပ်မြှင့်တင်ပေးနိုင်စေရန်နှင့် အစွမ်းကုန်ဖွံ့ဖြိုးစေရန်၊ ပညာရေးဖြင့် ထောက်ကူပေးနိုင်စေရန် အခြေအနေအရပ်ရပ်က တောင်းဆိုလျက်ရှိကြောင်း။

နိုင်ငံတကာ အခြေအနေများအရရော မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းပေးအခြေခံများအရပါ နိုင်ငံတော်အတွင်း နည်းပညာစွမ်းအား၊ လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားတို့နှင့် ယှဉ်တွဲပြီး အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားများပါ ကျယ်ကျယ်ပြန့်ပြန့် အင်နှင့်အားနှင့် ထွန်းကားခိုင်မြဲနေမှသာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းသာယာပြီး စည်းလုံးညီညွတ်ခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည်ဖြစ်သည်ကိုလည်း ပေါ်လွင်ထင်ရှားနေပြီဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ယင်းအခြေအနေ အရပ်ရပ်ကို သိမြင်ပြီး နိုင်ငံတော်၏အနာဂတ်ကို တစ်မျိုးသားလုံး၏ မျှော်မှန်းချက်နှင့်အညီ တိုးတက်ပြောင်းလဲဖြစ်ထွန်းလာစေရေးအတွက် တည့်မတ်ခိုင်မာစွာ ထိန်းကျောင်း စောင့်ရှောက်ပေးနိုင်မည့် အမျိုးသားပညာရည်မြင့်မားမှု၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှု စွမ်းအားကောင်းများကို ကျောင်းသူ ကျောင်းသားလူငယ်များက အစပြုပြီး ပြည်သူတစ်ရပ်လုံးက ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာဖြစ်ထွန်းနေစေရန် ဆရာ ဆရာမများအားလုံးက ကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြာမြင့်

အဆိုပါသင်တန်းသို့ အမှတ်(၁) အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနအောက်တို့ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၅၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မိတ္ထီလာ အထက(၃) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

မိတ္ထီလာ တပ်မတော်ကလေးများ အထက်တန်းကျောင်း ယခု အထက(၃)တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၇ရက် (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ် ၁၈၅ ဓမ္မစေတီလမ်း ဗဟန်းမြို့နယ်ရှိ မိုးညှင်းဝိပဿနာတိုက် စိန်တိုးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အဆိုပါပူဇော်ပွဲသို့ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းသူလိုများသည် ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွန့် (အကြံပေး) ဖုန်း-၀၉-၈၀-၃၁၀၁၄၊ ကိုဇော်နေဝင်း ဖုန်း-၂၁၂၁၉၆၊ ဒေါ်သန်းသန်းအေးမောင် ဖုန်း-၂၁၅၅၀၁/၀၂၊ ကိုသန်းထိုက် ဖုန်း-၂၁၁၃၀၉၊ ကိုသောင်းဟန် ဖုန်း-၅၉၀၅၇၇၅နှင့် ကိုထိန်ဝင်း ဖုန်း-၂၅၆၆၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ရက် နံနက် ၇နာရီခွဲတွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မုန်းကျေးရွာအုပ်စု အမှတ် ၅ရပ်ကွက်နေ (ဘ) ဦးတင်အောင်၏သား ကိုကြည်စိုး အသက်(၄၃)နှစ်နှင့် (ဘ) ဦးထွန်းစိန်၏ သမီး မဆွေဆွေဝင်း အသက်(၃၁)နှစ်တို့သည် ထင်းတိုက်ရန်လှည်းဖြင့် နေအိမ်မှထွက်ခွာလာစဉ် ကော့ပြင်ကျေးရွာအရှေ့ဘက် နှစ်မိုင်ခန့်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့ပြီး လှည်းပေါ်ပါလာသူ ကိုကြည်စိုး၏ ညာဘက်ခြေထောက် ခြေချင်းဝတ်နှင့် မဆွေဆွေဝင်း၏ ညာဘက်လက်တို့တွင် မိုင်းစများ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိကြသည့် ကိုကြည်စိုးနှင့် မဆွေဆွေဝင်းတို့အား တာဝန်ရှိသူများက မုန်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂) ရန်ကင်း အာစရိယ ပူဇော်ပွဲ အခမ်းအနားမြင်ကွင်းကလည်း ပီတိဖြစ်စရာ။

အထက(၂) ရန်ကင်း အာစရိယပူဇော်ပွဲ

သတင်းမှတ်စု–မောင်မောင်မြင့်ဆွေ   ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)   စာမျက်နှာဖွဲ့စည်းမှု–ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၂၁

ဆရာ ဆရာမတွေဆိုတာ ဖားသွေးကျောက်တွေလိုပါပဲ။ တပည့်တွေ ကျောင်းပညာမှာ သိစေ၊ တတ်စေ၊ တော်စေဖို့အတွက် အနစ်နာခံ၊ အပင်ပန်းခံကာ အချိန်ရှိသရွေ့ ကြိုးစားအားထုတ်နေကြသူတွေ ဖြစ်ပါတယ်။ တပည့်တွေ ဘဝခရီးလမ်းမှာ လျှောက်လှမ်းတဲ့အခါ ဖြောင့်ဖြူးနိုင်စေဖို့အတွက် သွန်သင်ဆုံးမတတ်တဲ့သူတွေလည်း ဖြစ်ပါတယ်။

ကြည်နူးဖွယ်

ဆရာ ဆရာမတွေရဲ့ ကျေးဇူးတရားဟာ ကြီးမားလွန်းတာမို့ မြန်မာလူမျိုးတွေဟာ ကိုယ့်ရဲ့ဆရာ ဆရာမတွေကို တစ်နှစ်တစ်ခါ ဦးချကန်တော့နိုင်အောင် ကြိုးစားလေ့ရှိကြတာပါ။ ဒီလိုကန်တော့တဲ့အခါမှာလည်း တပည့်ကျောင်းသားတွေ စုပေါင်းပြီး ညီညာဖြိုဖြို လက်အုပ်ချီမိုး ရှိခိုးကြတာဟာ တကယ့်ကို ကျက်သရေမင်္ဂလာရှိပြီး ကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။

(၁၄)ကြိမ်မြောက်

ဒီလို အာစရိယကန်တော့ပွဲမျိုး ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အထက(၂)ရန်ကင်း (ကျောက်ကုန်း စိန်မိုက်ကယ်) ကျောင်းသား ကျောင်းသူဟောင်းများရဲ့ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက (၂)ရန်ကင်း (ကျောက်ကုန်း စိန်မိုက်ကယ်)ကျောင်းရဲ့ ရှေ့ဆောင်ခန်းမမှာ ဇန်နဝါရီ ၂၀ရက် မွန်းတည့် ၁၂နာရီက ကျင်းပခဲ့ပါတယ်။

အခမ်းအနားမှာ ဆရာမကြီး ဒေါ်လှကြည်က အမှာစကားပြောကြားပြီး အထက(၂)ရန်ကင်းရဲ့ လက်ရှိကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က နှုတ်ခွန်းဆက်စကား ပြောကြားပါတယ်။ အဲဒီနောက်မှာ ကျောင်းသား ကျောင်းသူဟောင်းတွေက ဆရာ ဆရာမကြီးတွေကို စုပေါင်းရှိခိုးကြပါတယ်။ ဆရာ ဆရာမကြီးတွေကို အခါအခွင့်သင့်လို့

ဆရာ ဆရာမတွေရဲ့ ကျေးဇူးတရားဟာ ကြီးမားလွန်းတာမို့ မြန်မာလူမျိုးတွေဟာ ကိုယ့်ရဲ့ ဆရာဆရာမတွေကို တစ်နှစ်တစ်ခါ ဦးချကန်တော့နိုင်အောင် ကြိုးစားလေ့ရှိ။ တပည့်ကျောင်းသားတွေ စုပေါင်းပြီး ညီညာဖြိုဖြို လက်အုပ်ချီမိုး ရှိခိုးကြတာဟာ တကယ့်ကို ကျက်သရေမင်္ဂလာရှိပြီး ကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခုဖြစ်။

ကန်တော့ကြတဲ့မြင်ကွင်းဟာ ကြည်နူးပီတိဖြစ်စရာ မြင်ကွင်းပါပဲ။ နှုတ်က ဖွဖွဆုပေးနေကြတဲ့ ဆရာ ဆရာမကြီးတွေရဲ့ ဆုမွန်ကောင်းတွေဟာ တပည့်ဟောင်းတွေအပေါ် အရှိန်မပြတ် စီးဆင်းနေဆဲဆိုတာ မြင်တွေ့ရပါတယ်။

ဒီလိုစုပေါင်းကန်တော့ပြီးတဲ့အခါ ဆရာ ဆရာမကြီးတွေကို ကန်တော့ပစ္စည်း လိုက်လံပေးအပ်ကြပါတယ်။ ဆရာ ဆရာမကြီးတွေကိုယ်စား ဆရာမကြီးဒေါ်ခင်လှိုင်သော်က ဩဝါဒစကားချီးမြှင့်ပေးပြီး အစီအစဉ်အတိုင်း ကျင်းပပါတယ်။ ကျောင်းသား၊ ကျောင်းသူဟောင်းတွေက အထက(၂) ရန်ကင်းအတွက် ရန်ပုံငွေ ကျပ်တစ်သိန်း ပေးလှူခဲ့ပါတယ်။

ဒီလို အာစရိယပူဇော်ပွဲတွေဟာ လူမှုဘဝမှာ အမှန်တကယ်ရှိသင့်တဲ့ ပွဲမျိုးတွေ ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့ ဝိပဿနာစေတီတော်မြတ်ကြီးအတွက် အလှူတော်ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၁

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာဓမ္မခန်းမ၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ဓမ္မဇောတိဝိပဿနာရိပ်သာ နာယက ဆရာကြီးပါရဂူက အလှူရှင်များလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗန္ဓုလမြန်မာလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်ရွှေက ဗုဒ္ဓဝင် DVD အင်္ဂလိမာလရုပ်ရှင် ပွဲခွန်နှင့် အမြတ်ငွေကျပ် ၂၅ သိန်း၊ မိဘနှစ်ပါးအား အမှူးထား၍ Nimala-Krishnaက အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဦးမောင်မောင်–ဒေါ်အေးကြည် (ဆရာမောင်မိသားစု)က အမေရိကန်ဒေါ်လာ ၅၀၀နှင့် ငွေကျပ်ခြောက်သိန်း၊ မကြွယ်ဖြိုး သန္တာရွှေ၏ တစ်နှစ်ပြည့်မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၀ သိန်း၊ Laxmi Bhusal and Family နှင့် ဦးသိန်းညွန့်–ဒေါ်မြကြည်မိသားစုက ငွေကျပ်၁၀သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေ စုစုပေါင်းငွေကျပ် ၁၆၂၇၀၄၄၅၊ ငွေကျပ် ၃၉၉၉၅၀၀ တန်ဖိုးရှိ ရတနာပစ္စည်းမျိုးစုံ၊ အမေရိကန်ဒေါ်လာ ၁၉၀၀ နှင့် အက်ဖ်အီးစီ ၄၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ပေါင်းတည်မြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း ဘုရားအနေကဇာတင်၊ ကျောင်းဆိုင်းဘုတ်ဖွင့်ပွဲနှင့် ဘက်စုံအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဇန်နဝါရီ ၁ရက်ကကျင်းပရာအလှူရှင်ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့် ဇနီး ဒေါ်တင်တင်မြ မိသားစုတို့အား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးသန်းလေးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (ဝ၆၄)

အမှတ် ၄၂ ၄ဝါလမ်း အလုံ မြို့နယ် နေ ခင်ပွန်း ဦးလှဝင်း၊ သား မောင်သန်းဇော်လတ်–မအေးအေးမိုး၊ မောင်စောထိုက်စိုးလင်း–သမီး မဝင်းမင်းလတ်၊ မြေး ဟံသာလင်းသန့်၊ မောင်မျိုးမင်းသန့်မိသားစုတို့ကမိခင်ကြီးဒေါ်ခင်သန်းဝင်း သုံးလပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်၂၅၀၀၀၀ လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ (ကိုယ်စား) အတွင်းရေးမှူးဦးထွန်းအေး လက်ခံယူစဉ်။ (က–ပ)

တောင်ကြီး မြို့မဈေးကုန်စုံဆိုင် သော့တူဖြင့် ဖွင့်ဖောက် ပစ္စည်းမျိုးစုံ ကျပ်လေးသိန်းကျော်ဖိုး ခိုးယူ

ရန်ကုန် ဇန်နဝါရီ ၂၁

တောင်ကြီးမြို့ မြို့မဈေးအပိုင်း(၃)ရှိ ဒေါ်စိမ်းမမ ရောင်းချသည့် ကုန်စုံဆိုင်တွင် ဇန်နဝါရီ ၁၆ရက် နံနက် ၃နာရီခန့်က အလူမီနီယံတံခါးကို သော့တူဖြင့် ဖွင့်ဖောက်၍ ပစ္စည်းများခိုးယူခံထားရသည်ကို စည်ပင်သာယာဈေး ညစောင့် မိုးကျော်က စိစစ်တွေ့ရှိသဖြင့် တာဝန်မှူးဦးလှမောင်ထံ သတင်းပို့တင်ပြသည်။ ပစ္စည်းများ ခိုးယူခံရမှုနှင့် ပတ်သက်၍ စည်ပင်သာယာဈေးမှ တာဝန်ရှိသူများ၊ အမှတ်(၁)ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ဈေးဆိုင်ပိုင်ရှင်ဒေါ်စိမ်းမမတို့က ဆိုင်ခန်းအားသွားရောက်စစ်ဆေးရာ စားသောက်ကုန်မျိုးစုံ စုစုပေါင်းတန်ဖိုးကျပ် ၄၆၉၃၀၀ဖိုးမှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တောင်ကြီးမြို့ အမှတ်(၁)ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗီဒီယိုအခွေအငှားဆိုင်မှ ခိုးကူးခွေများ ဖမ်းမိ

ရန်ကုန် ဇန်နဝါရီ ၂၁

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၄ရပ်ကွက် ဟေမဝန်လမ်း အမှတ်၂၆ရှိ သန်းဌေး(၃၃နှစ်) (ဘ)ဦးတင်မြင့်၏ ငွေလဝင်းဗီဒီယိုအခွေငှားဆိုင်သို့ ဇန်နဝါရီ၁၈ရက် ညနေ၄နာရီခွဲခန့်က မြို့နယ်တာဝန်ရှိသူများ သတင်းအရ ဝင်ရောက်ရှာဖွေရာ မြန်မာဇာတ်လမ်းခိုးကူးခွေ ၁၄၄ချပ်၊ မူပိုင်ကြေးသွင်းထားခြင်း မရှိသော ဗွီစီဒီခွေအချပ်၈၀ စုစုပေါင်း၂၂၄ ချပ်အား သိမ်းဆည်းရမိခဲ့သဖြင့်သန်းဌေးအပေါ် ဒဂုံမြို့သစ်(တောင်ပိုင်း)ရဲစခန်းမှ ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပုဒ်မ ၃၂(ခ)အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

သုံးမြွှာပူးမိန်းကလေးများ ညောင်ရွှေမြို့နယ်တွင် အောင်မြင်စွာမွေးဖွားပေး

ရန်ကုန် ဇန်နဝါရီ ၂၁

ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာအုပ်စု ရေချမ်းကုန်းကျေးရွာနေ မအို(၃၂)နှစ် (ဘ)ဦးစိုးသည် ၎င်း၏နေအိမ်၌ ဇန်နဝါရီ ၁၄ ရက်က ကိုယ်အလေးချိန် ၄ပေါင်ရှိ မိန်းကလေးတစ်ဦးအား မွေးဖွားခဲ့သည်။ အဆိုပါကလေး မွေးဖွားပြီးနောက် အမြွှာပူးကလေးများ ကျန်နေသဖြင့် ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံသို့ ထပ်မံတက်ရောက်ခဲ့ရာ ဇန်နဝါရီ ၁၅ရက်တွင် ဆေးရုံ၌ ၄ပေါင် ၈အောင်စရှိ မိန်းကလေးတစ်ဦးနှင့် ၃ပေါင် ၈အောင်စရှိ မိန်းကလေးတစ်ဦးတို့ကို ထပ်မံမွေးဖွားခဲ့ရာ စုစုပေါင်း သုံးမြွှာပူးမိန်းကလေးများကို အောင်မြင်စွာမွေးဖွားနိုင်ခဲ့ပြီး မိခင်နှင့်ကလေးများ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ပခုက္ကူ သီဟာ အဆင့်မြင့် ရုပ်ရှင်ရုံသစ်ဖွင့်

သီဟာအဆင့်မြင့် ရုပ်ရှင်ရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် နံနက် ၈နာရီခွဲက ပခုက္ကူမြို့ အမှတ်(၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အဆိုပါ ရုပ်ရှင်ရုံရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးစိုးသန်း၊ ရုပ်ရှင်ရုံပိုင်ရှင် ဦးဝင်းမောင်နှင့် မကွေးတိုင်းရုပ်ရှင်လုပ်ငန်းစု ဌာနခွဲမှူး ဦးအောင်ဇော်လင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (၀၇၀)

ကျေးလက်ဈေး ကွင်းဆင်းစစ်ဆေး

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အုန်းနဲ့ကျေးရွာ ကျေးလက်ဈေး အတွင်း ရေနှင့်အနံ့အသက်ဆိုးများ ကင်းရှင်းစေရေးအတွက် အသား၊ ငါးဆိုင်များအား ယင်လုံဆန်ခါဖြင့် ရောင်းချမှုကို အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဈေးတာဝန်ခံ ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

စလင်းမြို့နယ်အသင်း သင်းလုံးကျွတ်စည်းဝေးမည်

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၈ ခုနှစ် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် နိုင်ငံတော်မှ ချီးမြှင့်ခံရဟန်းနှင့် လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်း ဟိုတယ်/ခရီး(စားဖျော်)မွှာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်များ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရ အသင်းဝင်သားသမီးများ အမည်စာရင်းကို ဥက္ကဋ္ဌ ဦးကျော်နိုင် ဖုန်း-၇၂၅၇၁၇၊ ဒေါ်ရီရီ ဖုန်း-၅၅၄၀၈၉၊ ဒေါ်ညိုညို ဖုန်း- ၆၆၅၆၂၇၊ ဦးစန်းညိုအောင် ဖုန်း-၆၈၁၀၄၄၊ ၆၈၁၂၃၀၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၁-၁၇၂၉၉ နှင့် ဦးစိုးညွန့် ဖုန်း-၅၄၉၃၉၈တို့သို့ ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထား စာရင်းပေးပို့နိုင်သည်။ (က-ပ)

လူငယ်ယဉ်ကျေးမှု အလိမ္မာသင်တန်းဖွင့်

ပထမအကြိမ် ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှုအလိမ္မာသင်တန်းဖွင့်ပွဲကို ကျောက်မဲမြို့ အောင်ဆုပန်ကျောင်းတိုက်၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမကက သြဝါဒကထာ ချီးမြှင့်ပြီး ဗုဒ္ဓအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ၊ အခြေခံဝိပဿနာရှုပွားနည်းနှင့် ကြီးပွားချမ်းသာခြင်း၊ စာရိတ္တကောင်းမွန်ရေးနှင့် ဓမ္မသဘင်တို့ကို သင်ကြားပို့ချပေးသည်။ **(က-ပ)**

စက်ရုံမိသားစု အားကစားပြိုင်

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင် အဆင့်မြင့် ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စက်ရုံမိသားစု အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက စက်ရုံဘောလုံး အားကစားကွင်း၌ကျင်းပရာ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပကြပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

မိုင်းဆတ်မြို့နယ် စာဖတ်ဝိုင်းများ

မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ၂၀၀၇ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာဖတ်သူတိုးပွားလာရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး ရည်ရွယ်ချက်များဖြင့် မိုင်းဆတ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စာဖတ်ဝိုင်းများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်က တိုနားကျေးရွာ၊ ၁၈ ရက်က မယ်နင်ကျေးရွာ၊ ၂၂ ရက်က ဝိန်းဝိုင်ကျေးရွာတို့၌ စာဖတ်ဝိုင်းများကျင်းပခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ထိန်းချုပ်ရေး သင်တန်းဖွင့်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေ လေ့လာရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၈နာရီခွဲက ကျိုင်းတုံမြို့ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်းက အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးရွှေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ကြက်ငုံးမွေးမြူရေးနှင့် ဇီဝလုံခြုံရေးသင်တန်း

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်သော ကြက်ငုံးမွေးမြူ ထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၇ရက် နံနက် ၉နာရီက မုံရွာမြို့ ကြက်ငုံးမွေးမြူရေးအထူးဇုန်၌ ကျင်းပရာ တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်နှင့် မြို့နယ်အတွင်းရေးမှူး ဦးဝင်းလှိုင်တို့က အမှာစကားပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ရိုးရာလက်မှုပညာ သင်တန်းဖွင့်

လောင်ဖွမ်(သစ်ခွချည်) ရိုးရာလက်မှုပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၆ရက် နံနက် ၈ နာရီက မြစ်ကြီးနား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မြင့်မြင့်ငွေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြသည်။ (၁၀၃)

ထူးထူးခြားခြား တင်ပြထားသည့် စက္ကူပန်းများ အလှပန်းချီပြပွဲ

ပန်းချီမြင်ကွင်း-မိုးမြင့်လင်းလက်
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၁

ပန်းချီပြပွဲတွေ အဆက်မပြတ် ကျင်းပလာနိုင်သလို ပြပွဲတွေ ခင်းကျင်းပြသတဲ့ ပန်းချီဆရာတွေရဲ့ လက်ရာတွေကလဲ မူဟန်ကွဲပြားကြတာ တွေ့ရပါတယ်။ ရေးဆွဲတဲ့ပုံစံ၊ ရေးဆွဲနည်းနဲ့ အရောင်သုံးစွဲမှုတွေဟာ ပန်းချီကားပေါ်တိုက်ရိုက် ရိုက်ခတ်တာမို့ ပန်းချီဆရာတွေကွဲပြားသလို ပန်းချီတွေအပေါ် ခံစားမှုရသတွေ ကွဲပြားသွားပါတယ်။

ပုဂံဘုရားနဲ့ စက္ကူပန်းအလှကို ဤသို့ပေါင်းစပ်ခြယ်မှုန်းထားသည်။

အခုလဲ ပန်းချီဆရာကျော်တင့်ရဲ့ **"စက္ကူပန်းများအလှ"** လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ခုကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းမှာရှိတဲ့ နယူးထရေးရှား ပန်းချီပြခန်းမှာ ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ ခင်းကျင်းပြသနေပြီ ဖြစ်ပါတယ်။

ထူးထူးခြားခြား စက္ကူပန်းတွေရဲ့ အလှကို ပန်းချီအနုပညာနဲ့ ခံစားခြယ်မှုန်းထားတာ ဖြစ်လို့ တစ်မျိုး၊ တစ်ဘာသာ ဆန်းသစ်နေ။

ပန်းချီကား ၂၇ ကား

ဒီပန်းချီပြပွဲကတော့ **ထူးထူးခြားခြား စက္ကူပန်းတွေရဲ့ အလှကို ပန်းချီအနုပညာနဲ့ ခံစားခြယ်မှုန်းထားတာဖြစ်လို့ တစ်မျိုး၊တစ်ဘာသာ ဆန်းသစ်နေပါတယ်။ "စက္ကူပန်းများအလှ"** ပန်းချီပြပွဲမှာ စုစုပေါင်း ပန်းချီကား ၂၇ ကား ခင်းကျင်းပြသထားပြီး အားလုံး ရေဆေး ပန်းချီကားတွေချည်းပဲ ဖြစ်ပါတယ်။

ဒီလိုစက္ကူပန်းတွေရဲ့ အလှကို ပန်းချီအဖြစ် ဖန်တီးတဲ့အခါ ပုဂံ၊ ရန်ကုန်မြို့ တစ်ဝန်းနဲ့ အခြားနေရာ ဒေသတွေက စက္ကူပန်းတွေရဲ့ အလှကို ကိုယ်တိုင်သွားရောက် ရယူရေးဆွဲခဲ့တာဖြစ်တယ်လို့ ပန်းချီဆရာ ကျော်တင့်က ပြောပြပါတယ်။

ပြခန်းအတွင်းမှာ ပြသထားတဲ့ ပန်းချီကားတွေအနက် စက္ကူပန်း(၂၃) လို့ အမည်ပေးထားတဲ့ ပန်းချီကားက အမြင်ဆန်းသစ်စရာပါ။ တိုက်အိမ်တစ်အိမ်ရဲ့ မျက်နှာစာကိုကျော်လွန်ပြီး ပွင့်နေတဲ့စက္ကူပန်းတွေကို အပေါ်စီးမြင်ကွင်းက ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ စက္ကူပန်းတွေကို လိမ္မော်၊ အနီတွေသုံးပြီး ရေဆေးနဲ့ ပီပီပြင်ပြင် ဖော်ကျူးထားတဲ့အပြင် ကတ္တရာလမ်း၊ ပလက်ဖောင်းတွေရဲ့ အနက်နဲ့ အနွေးရောင်တွေကြောင့် စက္ကူပန်းအလှကို ပိုပြီးပေါ်လွင်စေပါတယ်။ တိမ်၊ ကောင်းကင်တို့ရဲ့ အပြာဖျော့ဖျော့ အရောင်တွေကြောင့် ကြည့်သူရင်ကို အေးမြစေတဲ့ ပန်းချီကားပါပဲ။

"ပုဂံနဲ့ ရန်ကုန်ဝန်းကျင်နေရာတွေကို ကိုယ်တိုင်သွားရောက် ရေးဆွဲထားတာပါ။"
ပန်းချီဆရာ ကျော်တင့်

နောက်ပန်းချီကား တစ်ချပ်ကတော့ စက္ကူပန်း(၁၂)လို့ အမည်ပေးထားတဲ့ ပန်းချီကားဖြစ်ပါတယ်။ ပုဂံမှာရှိတဲ့ ဘုရားတစ်ဆူရဲ့ရှေ့ လမ်းတစ်ဖက်တစ်ချက်မှာ ပေါက်နေတဲ့ စက္ကူပန်းတွေကို အမြင်တစ်မျိုးနဲ့ ရေးဆွဲထားတာပါ။ ဘုရားအုတ်တံတိုင်း နီညိုရောင်မှိုင်းမှိုင်းဟာ အပြာရောင်နောက်ခံ ကောင်းကင်ကြောင့် ထီးထီးကြီး ပေါ်လွင်နေသလို လိမ္မော်နဲ့ရောင်စုံခြယ်သထားတဲ့ စက္ကူပန်းတွေကလဲ တကယ့်စက္ကူပန်းတွေအလား ထင်မှတ်မှားအောင် ရေဆေးနိုင်နိုင်နဲ့ လက်စွမ်းပြထားတာကြောင့် ရင်မှာခံစား လှုပ်ခတ်နိုင်စွမ်းရှိတဲ့ ပန်းချီကားတစ်ချပ်ပါပဲ။

စက္ကူပန်း(၂၃) ပန်းချီကားက ကြည့်သူရင်ကို အေးမြစေသည်။

စက္ကူပန်း(၁၄)လို့ အမည်ပေးထားတဲ့ ရေဆေးပန်းချီကားကတော့ ရန်ကုန် ကမ္ဘာအေးစေတီလမ်းမှာရှိတဲ့ တိုက်ခြံစည်းရိုးမှာလွင့်နေတဲ့ စက္ကူပန်းတွေရဲ့အလှကို အနိမ့်မြင်ကွင်းကနေ အနီးကပ် ရေးဆွဲထားတဲ့ပုံပါ။ စည်းရိုး၊ လမ်းမီးတိုင်၊ စက္ကူပန်းတွေရဲ့ ဖွဲ့စည်းမှုကောင်းမွန်တာမို့ စိတ်ဝင်စားမှုကောင်းတဲ့ ပန်းချီကားဖြစ်ပါတယ်။ ကောင်းကင်မှာ တိမ်ဖြူတွေ လွင့်မျောနေတာ၊ ကောင်းကင်ပြာနဲ့ အစိမ်းရောင်၊ လိမ္မော်တွေ လွှမ်းနေတဲ့ စက္ကူပန်းအလှဟာ ပန်းချီဆရာ ဖော်ပြချင်တဲ့ဆန္ဒကို ဖွင့်ပြနေတော့တာပါပဲ။

ဒါကြောင့် စက္ကူပန်းအလှတွေကို မြင်ကွင်းအဖုံဖုံ၊ ရှုထောင့်အမျိုးမျိုး၊ အတွေးအခေါ်ကောင်းကောင်းနဲ့ လက်ရာမြောက် ရေးဆွဲထားတဲ့ စက္ကူပန်းအလှ ပန်းချီပြပွဲဟာ စိတ်ဝင်စားစရာကောင်းတဲ့ အတွက် သွားရောက် ကြည့်ရှုလေ့လာသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ကိုယ်ဝန်ဆောင် သွေးအားနည်းရောဂါဆိုင်ရာ သုတေသန အသိပေးဆွေးနွေး

မိတ္ထီလာ ဇန်နဝါရီ ၁၅

မိတ္ထီလာခရိုင် ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေးဌာနစိတ် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ကိုယ်ဝန်ဆောင် သွေးအားနည်းရောဂါဆိုင်ရာ သုတေသန အသိပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက်က မိတ္ထီလာမြို့ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဦးကြည်ဝင်းက အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ထို့နောက် ကျန်းမာရေးဦးစီးဌာန နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး(မိခင်နှင့်ကလေး)ဒေါက်တာဒေါ်သီဂီမြင့်နှင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်တင်တင်သိန်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် အသိပေးဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေး ဝန်ထမ်းများ စုစုပေါင်းအင်အား ၇၀ ခန့်တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပျိုးဥယျာဉ်အမှတ် (၁)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့်အဖွဲ့ နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် ဆောင်ရွက်သည့် (မြို့ပြ)လုပ်ငန်းများဖြစ်သော မြို့သာယာလှပရေးလုပ်ငန်းကို အဖွဲ့ပိုင် ပျိုးဥယျာဉ် အမှတ်(၁) အတွင်း ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးထားမှုကို ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကံချွန်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးနိုင်ဇော်မိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် ပရဟိတဂေဟာ၌ ကျင်းပရာ ဦးစိန်မြင့် (တိုင်းရောင်းဝယ်ရေးအရာရှိ၊ မြန်မာ့ရေနံ) မော်လမြိုင်မြို့က ဟောပြောပို့ချစဉ်။ (က-ပ)

ကောလင်းစာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်း

ကောလင်း ဇန်နဝါရီ ၉

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက်က အဖွဲ့ရုံး၌ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (သတင်းထောက်)က အမှာစကား ပြောကြားပြီး နှစ်ပတ်လည် အစည်းအဝေးကျင်းပရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စာပေအင်အားစုက ပူးပေါင်း ဆောင်ရွက်ရေး၊ ကျေးလက်စာပေပြိုင်ပွဲများ ကျင်းပရေး၊ မြို့နယ်သမိုင်း၊ လွယ်မောက်တောင်သမိုင်းနှင့် သာသနာ့ အာဇာနည် ပုဂ္ဂိုလ်များ၏ ထေရုပ္ပတ္တိ ပြုစုထားရှိရေး၊ ပြည်ထောင်စုနေ့နှင့် အမျိုးသားနေ့များတွင် အကြိုဟောပြောပွဲများ ကျင်းပရေးတို့ကို ဆွေးနွေးကြကြောင်းသိရသည်။ **(ဝ၆၂)**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ မြစ်ကြီးနား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့မရေစက်နှင့် ရေစင်ကို ဒီဇင်ဘာ ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးက လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဂေါက်ကလပ်လမ်း လမ်းပေါက်ဖာထေးခြင်းနှင့် လမ်းဘေးဝဲယာ ပန်းခုံနှင့် ပန်းခင်းများ ပေါင်းမြက်ရှင်းလင်းခြင်းတို့ကို ဒီဇင်ဘာ ၁၂ ရက်က အငယ်တန်း အင်ဂျင်နီယာ(၃) ဦးရန်နိုင်စိုး ဦးဆောင်သော အဖွဲ့ဝင်ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (တိုင်းစည်ပင်)

ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ရေး မြင်းမူ၌ ပညာပေးဟောပြော

မြင်းမူ ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ မျိုးသန့်က ကျန်းမာရေးဌာနတွင် မွေးဖွားသင့်သော ကိုယ်ဝန်ဆောင် မိခင်များနှင့် ပတ်သက်၍လည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်ဖြိုးဖြိုးမာက ကိုယ်ဝန်ဆောင်မိခင်များ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မညို က ကိုယ်ဝန်ဆောင်မိခင်များရှောင်ရန် ဆောင်ရန်များကိုလည်းကောင်း ပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

တောင်ပိုင်းခရိုင် ပြန်/ဆက် လုပ်ငန်းဆိုင်ရာများဆွေးနွေး ရည်မှန်းချက်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်

သန်လျင် ဇန်နဝါရီ ၁၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်သည် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တောင်ပိုင်းခရိုင်ရုံး(သန်လျင်) အစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

ဆွေးနွေး

ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူးက ဆွေးနွေးမှာကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏လုပ်ငန်းတာဝန်မှာကြားချက်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဖွင့်လှစ်ပြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

စစ်ဆေး

ဆက်လက်၍ တက်ရောက်လာကြသော မြို့နယ်ဦးစီးမှူးများက မိမိတို့မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးပြီး ခရိုင်ရုံး(သန်လျင်)၏ စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ မြေစိုက် နံရံကပ်စာစောင်နှင့် ရုံးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ရေပေးရေး

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးအတွက် မိုးမခကျေးရွာအုပ်စု ဘန်ဒေါင့်ကျေးရွာတွင် အဝီစိတွင်း တူးဖော်မှုကို အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးလွင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရေစကြို၌ ဌာနဆိုင်ရာလုပ်ငန်းများ ညှိနှိုင်း

ရေစကြို ဇန်နဝါရီ ၂

မကွေးတိုင်း ရေစကြိုမြို့နယ် အေးချမ်းဖြိုးခန်းမဆောင်တွင် ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များနှင့် ရေစကြိုမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများ ပုံမှန်ညှိနှိုင်း အစည်းအဝေးကို ကျင်းပသည်။

ညှိနှိုင်း

အခမ်းအနားတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနဆိုင်ရာ တွေ့ကြုံရသည့် လုပ်ငန်းကိစ္စများ၊ လိုအပ်ချက်များ၊ စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍစသည်တို့ကို တင်ပြကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေနှင့် အတွင်းရေးမှူး ဦးစန်းဝင်းတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပေးကြကြောင်း သိရသည်။ **(၂၅၁)**

ပခုက္ကူခရိုင် မြိုင်မြို့နယ် လက်ယက်မ ကျေးရွာတွင် ဆောင်ရွက်ထားသော ကျေးလက်ဈေးအိမ်သာကို ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၁ရပ်ကွက်(သိမ်ချောင်း) တိုင်တစ်ရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အမှတ်(၄)တွင် ကျောင်းဘက်စုံ ဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ်နှစ်သိန်း၊ ခဲတံ၊ စာအုပ်နှင့် ကျောင်းသား ကျောင်းသူ ၅၀၀ကျော်တို့အား အာဟာရကျွေးမွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၁၁ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဗိနောဒယ (ဓမ္မာစရိယ B.A အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်ထံ မရမ်းကုန်းမြို့နယ် သီရိမွန်အိမ်ရာ သီရိမွန် ၁၀လမ်းနေ ဦးသိန်းမြင့်-ဒေါ်စိုးစိုးနှင့် သား မောင်ဘုန်းဟိန်းထက်တို့က သုံးနှစ်မြောက် မွေးနေ့အလှူအဖြစ် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သီရိမဟာရတနာမာန်အောင်ပိုလ်မင်းစေတီတော် ဆီမီး၊ပန်းနှင့်သစ်သီး ၉၀၀၀ ဆက်ကပ်လှူဒါန်း

နွားထိုးကြီး ဇန်နဝါရီ ၂

နွားထိုးကြီးမြို့ အလည်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်းရှိ သီရိမဟာရတနာမာန်အောင်ဗိုလ်မင်း စေတီတော်မြတ်ကြီး၏ နဝမအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀နှင့် သစ်သီး ၉၀၀၀ဆက်ကပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၄ရက်ကကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလည်ကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပုညသိရီနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြသည်။

ပူဇော်

ထို့နောက် သီရိမဟာရတနာမာန်အောင်ဗိုလ်မင်း စေတီတော်မြတ်ကြီးအား ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့ဝင် ဆရာတော်ကြီးများက ဘုရားအနေကဇာတင်လှူပြီး နံနက် ၅နာရီတွင် သစ်သီး ၉၀၀၀၊ ပန်း ၉၀၀၀ဆက်ကပ်လှူဒါန်းကြကာ ညနေ ၃နာရီတွင် မြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၂၈ကျောင်းမှ ဆရာတော်၊ သံဃာတော်အပါး ၃၅၀အား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူကြ၍ ညနေ ၆နာရီတွင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တွင် ဆီမီး ၉၀၀၀အား မြို့မ ၆ရပ်ကွက်မှ စေတနာရှင် ကုသိုလ်ရှင်များနှင့် ကျောင်းသူ ကျောင်းသားများက ထွန်းညှိပူဇော်ကြသည်။ **(၂၁၃)**

အင်းတော်မြို့ အထက်တန်းကျောင်း ရွှေရတုခန်းမအဆောက်အအုံ ပန္နက်တင်

အင်းတော် ဇန်နဝါရီ ၉

အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ အဆောက်အအုံဆောက်လုပ်ရန် ကျောင်းတိုင်ထူပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၇နာရီက အဆိုပါ ရွှေရတုခန်းမဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

အဆိုပါ ရွှေရတုခန်းမအဆောက်အအုံမှာ အလျား ၁၂၈ပေ အနံ ၆၈ပေရှိ ၁၀ပေခန်းနှင့် ၁၄ပေခန်း နှစ်ခန်း နှစ်ထပ်အုတ်ညှပ်သွပ်မိုးဖြစ်သည်။ **(၁၃၃)**

အမှတ် ၄၀၄ သာသနာပိုင်ရပ် ၄၁လမ်း သံလျှက်မှော် အနောက် မဟာအောင်မြေ မြို့နယ်နေ ဦးမောင်တာ-(သီရိသုဓမ္မသိင်္ဂီ) ဒေါ်စန်းစန်းဝေနှင့် သမီး မအေးမြတ်သူတို့က မဟာစည် ဓမ္မဗိမာန်တော်ကြီးအတွက် ငွေကျပ်သုံးသိန်း လှူဒါန်းရာ မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းထိန်နှင့်အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော လျှပ်စစ်ဝိုင်ယာကြိုး သွယ်တန်းမှု ကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၁၄

မန္တလေးခရိုင် မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးသည် ဒီဇင်ဘာ ၁၃ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှမင်း၊ ခရိုင်အရန်မီးသတ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌဦးလှမောင်၊ အတွင်းရေးမှူး ဦးဗိုလ်မင်းနှင့် တပ်ခွဲမှူးများ လိုက်ပါလျက် သံလျှက်မှော်အနောက်ရပ်ရှိ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း ဖယောင်းတိုင်ထုတ်လုပ်ရေးစက်ရုံတွင် ကွင်းဆင်း၍ ပညာပေး ဟောပြောကြသည်။

ပြောကြား

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးသည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဒေါ်နန်းနီလာလေးနှင့် ဝန်ထမ်းများကိုတွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပြီး စက်ရုံမှူးဒေါ်နန်းနီလာလေးက စက်ရုံမီးဘေးကြိုတင်ကာကွယ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ခရိုင်မီးသတ်ဦးစီးအရာရှိက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

စစ်ဆေး

ထို့နောက် စက်ရုံအတွင်း မီးချိတ်၊ မီးကပ်၊ သဲပုံးရေပုံး ထားရှိမှု၊ မီးသတ်ဆေးဘူးထားရှိမှု လျှပ်စစ်ဝိုင်ယာကြိုး သွယ်တန်းမှု၊ ဘွိုင်လာအိုးဆောင်ရွက်ထားမှု၊ စက်ရုံဝန်းကျင် မီးလောင်လွယ်စေသည့် အမှိုက်သရိုက်ကင်းစင်မှု၊ ရေအလွယ်တကူရရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

သရုပ်ပြ

ဆက်လက်၍ စက်ရုံကွင်းပြင်တွင် ဝန်ထမ်းများအား သံလျှက်မှော်အနောက် အရန်မီးသတ်စခန်း ဒုတိယတပ်ခွဲမှူး တင်ဝင်း၊ တပ်စုမှူးမြင့်ကိုနှင့်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်း ရေပိုက်ဖြင့် ရေပက်နည်းများကို လက်တွေ့သရုပ်ပြသကြသည်။ **(၀၉၀)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်ဆည်မြို့ မကျီးတောကျေးရွာ နှစ်လက်မစက်ရေတွင်းကို ဇန်နဝါရီ၃ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးအောင်သူနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်း ခရိုင် မိုးညှင်းမြို့အဝင် ဆိုင်းဘုတ် တွင် အဖွဲ့ဝင်ထမ်းများ သန့်ရှင်းသာယာလှပရေးအတွက် မြေယာရှုခင်းဆောင်ရွက်မှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကလေးငယ်များ ပိုလီယိုကာကွယ်ဆေး မြောင်မြို့၌တိုက်ကျွေး

မြောင် ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်း မြောင်မြို့ မြောက်ရပ်ကွက်၌ ဒုတိယအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ကို ဒီဇင်ဘာ ၂ရက် နံနက်ပိုင်းက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အမျိုးသား ကာကွယ်ဆေးတိုက်ကျွေးနေ့တွင် မြောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပပမင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် မြောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်ကာ အသက် ငါးနှစ်အောက် ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမှတ် (၁၀) အခြေခံ ပညာ မူလတန်း ကျောင်း မင်္ဂလာတောင်ညွန့် ၂၀၀၇-၂၀၀၈ပညာသင်နှစ် မိဘဆရာ၊ ကျောင်းသား စုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ ထူးချွန်ဆုရ ကျောင်းသား တစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျန်းမာရေး အသိပညာပေး ဟောပြော

ကျောက်ဆည် ဇန်နဝါရီ ၈

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများကို ဒီဇင်ဘာ ၁၁ရက်မှ ၁၅ရက်အတွင်း ကျောက်ဆည်မြို့နယ် သံရွာ၊ မင်းစု၊ မုန့်ပေါင်း၊ တောတွင်၊ ကလိုင်ကျော်၊ ဇရပ်ဖြူ၊ မြောင်းဦး၊ လက်ပန်ပင်နှင့် ကင်းကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုက်လတ်မြို့နယ် ပညာရေးစုံညီပွဲဆင်နွှဲ

ကျိုက်လတ် ဇန်နဝါရီ ၁၀

ကျိုက်လတ်မြို့နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် ပညာရေးစုံညီပွဲနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၃ရက် နံနက် ၁၁နာရီက ကျိုက်လတ်မြို့ အထက မြစနဒီကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူကလေးများက နိုင်ငံတော်သီချင်းဖြင့် ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်ရွှေတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၀၇ခုနှစ် ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော တစ်ဘာသာမှ ခြောက်ဘာသာအထိရရှိသည့် ကျောင်းသားကျောင်းသူ ၃၆ဦး ရရှိခဲ့သော စုစုပေါင်းဂုဏ်ထူး ၆၇ဘာသာကို တစ်ဘာသာလျှင် ငွေကျပ်၅၀၀၀ဖြင့် ငွေကျပ် ၃၃၅၀၀၀ကို စေတနာရှင် ဝင်းမေတ္တာမိသားစုမှ ဦးသန်းမြင့်-ဒေါ်ဝင်းစိန်တို့ကချီးမြှင့်၍ ဘက်စုံထူးချွန်ဆုရကျောင်းသားကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့်ကျောင်းအုပ်ကြီးတို့က ဆုချီးမြှင့်ကြသည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စံပြမိခင်/ကလေး ပြပွဲပြိုင်ပွဲ ဆုချီးမြှင့်

ပုလဲ ဇန်နဝါရီ ၅

နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပုလဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် စံပြမိခင်နှင့်ကလေးပြပွဲ၊ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမျိုးအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အသင်းအတွင်းရေးမှူး ဒေါက်တာစိန်လင်းက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ဆက်လက်၍ ဆုရမိခင်နှင့်ကလေးများ၊ စံပြမိခင်ဆုရ မိခင်သုံးဦးနှင့် မွေးစမှ ခြောက်လအတွင်း ကလေးငယ်သုံးဦး၊ ခြောက်လမှ တစ်နှစ်အရွယ် ဆုရကလေးငယ်သုံးဦးနှင့် တစ်နှစ်မှ တစ်နှစ်ခွဲအရွယ် ကလေးငယ်သုံးဦးတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

EDUMAP Language Centre
Quality Learning at Reasonable Rates
- General English Course (4 Skills)
- Spoken English
- Grammar & Writing
- Chinese,Japanese,Korean,Malay, Thai,German,French
- Crash Course in Going Abroad (နိုင်ငံခြားသွားအထူးအမြန်သင်တန်း)

တိုက်(၁)၊အခန်း၁၈(ပ-ထပ်)၊အင်းစိန်လမ်း၊လှည်းတန်းလမ်းဆုံအနီး၊ ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ 095191046 505965

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၃/၂၀၀၇

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ **နှင့်** ၁။ မအိအိခိုင် ၂။ မသွယ်သွယ်ခိုင် ၃။ မောင်သီဟမျိုး ၄။ မယင်းမာခိုင်
တရားနိုင် **တရားရှုံးများ**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၉၁ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက်ရှိ အကွက်အမှတ် (၁၄/ခ-ပေါက်ချောင်း)၊ ဦးပိုင်အမှတ် (၈၄/ခ)၊ မြေချိန်ဧရိယာ ၀.၁၁၀၃ ဧကရှိ မြေနှင့် မိတ္ထီလာမြို့ ပေါက်ချောင်း ရပ်ကွက်ရှိ အကွက်အမှတ်(၁၄/ခ)၊ ဦးပိုင်အမှတ် (၈၄/က)၊ မြေချိန်ဧရိယာ ၀.၁၁၀ ၀၁၅ဧကရှိမြေ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော အကျယ်(၃၂ X ၂၄)ပေရှိ နှစ်ထပ်တိုက်တွဲလျက်၊ (၁၂ X ၂၄)ပေရှိ နှစ်ထပ်တိုက်နှင့် (၃၀ X ၂၀)ပေရှိ တစ်ထပ်တိုက်ဂိုဒေါင်။ **လေလံကြမ်းခင်းဈေး ကျပ် ၁၄၅သိန်း။**

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပေါ်ခိုင်သန်း
ဒုတိယခရိုင်တရားသူကြီး(၁)
မိတ္ထီလာခရိုင်တရားရုံး၊ မန္တလေးတိုင်း။

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နဘက်-တမဆေးကန်ကျေးလက်လမ်း ဂျင်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့်အဖွဲ့ ဒီဇင်ဘာ ၂၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဖို့မြေရပ်ကွက်အမှတ် (၄၄၆-အေ) ၈လွှာ၊ အခန်းကို ဦးဇော်မြင့် ၁၂/မဂတ(နိုင်)၀၃၂၂၈၈ထံမှ ဦးသန်းထွဋ် ၁၂/မဂတ(နိုင်)၀၃၂၈၅၀ သည် ၁၉၉၉ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါ၍ ဦးသန်းထွဋ်မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း လဲလှယ်ခြင်းတို့ မပြုလုပ်ကြပါရန် သတိပေးတားမြစ်လိုက်ပါသည်။ ပြုလုပ်ခဲ့သည်ရှိသော် တရားဥပဒေအရ အရေးယူတရားစွဲခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စပါယ် (LL.B.)
တရားရုံးချုပ်ရှေ့နေ
အမှတ် (၁၁၉)၊ (၃)လွှာ၊ (၁၅၇)လမ်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ပြည်သူ့စီးပွား ခရီးသွားဖြင့် ဝိုင်းဝန်းမြှင့်တင်ကြပါစို့

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ (မြို့မ)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ၇ရက်က ကျောင်းခန်းမ၌ကျင်းပရာ ယင်းအခမ်းအနားတွင် ငွေကျပ်လေးသိန်းခွဲတန် ကျောင်းရေချမ်းစင် အလှူရှင်ဦးဇော်နိုင်ဦး-ဒေါ်နွဲ့နွဲ့ဝင်းအား ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်က ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်မြို့၌ ကလေးပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

ပြည် ဇန်နဝါရီ ၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက ပြည်မြို့ ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သိန်းပိုင်နှင့်အဖွဲ့ဝင်များ၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းဟန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ဖိတ်ကြားထားသူများ၊ကလေးပြိုင်ပွဲ သားကောင်းမိခင်နှင့် ကလေးများ တက်ရောက်ကြသည်။

ဆုပေးအပ်

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာသန်းဝင်းက ကလေးငယ်များအား ဆုများရွေးချယ်ချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဆုရရှိသူ ၂၈ဦးတို့အား ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်၊ အတွင်းရေးမှူး ဒေါက်တာသန်းဝင်း၊ အဖွဲ့ဝင် ဒေါ်မြင့်မြင့်အုန်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းဟန်နှင့် တာဝန်ရှိသူတို့က ဆုရကလေးငယ်များအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၀၅၇)**

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက် ပိတောက်ပင်လမ်း (အောက်လမ်း) အမှတ် ၃၁ နေ နှစ်ဖက်သောဘိုးဘွားများအား အမှူးထား၍ ဦးဖိုးထူး-ဒေါ်ခင်ညို (မိဘမေတ္တာဘုရားဖူးပို့ဆောင်ရေး)၊ သား မောင်သန့်ဇင်ဦး၏ (၂၈)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယင်းမာပင်၌ လူထုအသိပညာပေး စာပေဟောပြော စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်

ယင်းမာပင် ဇန်နဝါရီ ၈

မုံရွာခရိုင် ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ လူထုအသိပညာပေး စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက ယင်းမာပင်မြို့နယ် ပြည်သူ့ခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဇော်ဝင်းက အမှာစကားပြောကြားပြီး စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဦးဇွန်မောင်မောင်က စိုက်ပျိုးမှုနှင့်ပတ်သက်၍လည်းကောင်း၊ စာရေးဆရာ ကဗျာဆရာ ဦးရွှေအောင်သင်းက စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်နွယ်သော လူငယ်များနှင့် အားမာန်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ၊ အယ်ဒီတာမောင်လွမ်းနွယ်(အောင်လံ)က လူသားအရင်းအမြစ်နှင့် စွမ်းအားအကြောင်းကို လည်းကောင်း ပညာပေး ဟောပြောဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းဇော်ဝင်းက အသိပညာပေးဟောပြောပေးသော စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

မော်လမြိုင်ကျွန်းမြို့နယ်အသင်းကြီးမှူး သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၆

မော်လမြိုင်ကျွန်းမြို့နယ်အသင်းက ကြီးမှူးကျင်းပသော ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဖြစ်သည့် ဆဋ္ဌမအကြိမ်မြောက် မော်ကျွန်း၌ာနေ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ၊ မျက်စိအလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲ၊ စတုတ္ထအကြိမ်မြောက် သံဃဒါနအရဏ်ဆွမ်းလောင်းလှူပွဲနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဆဋ္ဌမအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၂ရက် မွန်းလွဲ ၁နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင်ကျွန်း မြို့နယ်အသင်းဥက္ကဋ္ဌ ဦးသိန်းလှိုင်က အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အသင်းအတွင်းရေးမှူး ဦးစိုးပိုင်က ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ထို့နောက် ၌ာနေအသင်းဝင် သက်ကြီးဘိုးဘွား ၁၄ဦးအား ပူဇော်ကန်တော့ခြင်း၊ မျက်စိအလှူရှင် ၃၂ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်သူ အသင်းဝင်သားသမီး ၁၁ဦးနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သူ နှစ်ဦး တို့အား ပညာရည်ချွန်ဆုများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးရဲနိုင်ဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေထွေး **(ဝဲပုံ)**နှင့် အသင်း အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၁၄၂)**

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အိန္ဒိယသမ္မတနိုင်ငံ၌ အိန္ဒိယတပ်မတော်ဘောလုံးနှင့် ဘော်လီဘောအသင်းတို့နှင့် ချစ်ကြည်ရေးပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော်အားကစားအဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခန်းမဆောင်၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ချစ်ကြည်ရေးပြိုင်ပွဲများ ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာ့တပ်မတော်အားကစားအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်၍ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ အိန္ဒိယတပ်မတော်ဘောလုံးနှင့် ဘော်လီဘောအသင်းတို့နှင့် ချစ်ကြည်ရေးပြိုင်ပွဲများသွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသော တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေခေါင်းဆောင်သည့် အဖွဲ့ဝင် ၃၈ ဦးပါ မြန်မာ့တပ်မတော်အားကစားအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေးပြိုင်ပွဲဝင် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် မြန်မာ့တပ်မတော်ဘော်လီဘောအသင်းတို့အား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel, Manoj Mukund Naravane နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ●

သတင်းအညွှန်း

❒ ကော်ဖီသောက်ခြင်းကြောင့်အာရုံကြောများ လန်းဆန်းနိုင် — ကျန်းမာရေးသတင်းမှတ်စု စာ – ၃
❒ ပြင်သစ်နိုင်ငံသား ရွှိုင်ယွန် ရွက်လှေဖြင့် ကမ္ဘာပတ်စံချိန်ချိုး — စာ –၅
❒ စုံနံ့သာမြိုင် ရှာပုံတော်ဖွင့်ပါလို့ — နိုင်ငံတကာမှုခင်း စာ – ၆
❒ ဖီဂျီကျွန်းနိုင်ငံ — တိုး၏ သတင်းအက်ဆေး စာ –၇

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေဿလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား